# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဗြဟ္မဏ

နက်နဲသော ပညာရှိသော၊ ထက်မြက်သော ပညာရှိသော၊ လမ်းမှန်ဟုတ်သည်မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါဘုရားဟော၏။

ဗြဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၈၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်

ဒီနေ့ ကျင်းပပြုလုပ်မယ့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆက်စပ်နီးနွယ်ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများကို ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပလာခဲ့တာ ယခုဆိုရင် (၂၁)ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။ ယခု ၂၀၂၃ ခုနှစ်မှာ ကျင်းပတဲ့ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲမှာ မြန်မာ့တိုင်းရင်းဆေးပညာကို ဘက်ပေါင်းစုံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်ပြီး အနယ်နယ်အရပ်ရပ်မှ တက်ရောက်လာကြတဲ့ တိုင်းရင်းဆေးသမားတော်ကြီးများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြမယ်လို့ သိရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


## မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်တွင်းတွင် ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်သလို ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာကဏ္ဍများနှင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန်လို

နေပြည်တော် ဒီဇင်ဘာ ၂၁

(၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ကျင်းပသည်။

အခမ်းအနားသို့ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ


စာမျက်နှာ ၄ ကော်လံ ၁ ❐




မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးမြင့်လွင်တို့ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒွိတာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ရှားမှု

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် စာတတ်မြောက်မှု ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ စာတတ်မြောက်မှု ၈၉ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ စာမတတ်သူအရေအတွက်အားဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိနေပြီး ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူပေါင်း ၄ ဒသမ ၁ သန်းခန့်ရှိနေသည်ဟု သိရသည်။

အဆိုပါ သန်းခေါင်စာရင်းများ၏ အချက်အလက်များအရ မြန်မာနိုင်ငံတွင် စာမတတ်သူဦးရေသည် နှစ်အလိုက် တိုးလာနေသည်ကို တွေ့ရပြီး ထိုအချက်က မိမိတို့နိုင်ငံတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ပြသနေခြင်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့လာခြင်းနှင့် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာမှုကြောင့် နိုင်ငံအတွင်း ဒေသအချို့တွင် မတည်မငြိမ်မှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်း စသောအခြေအနေများကြောင့် လက်ရှိကာလတွင် နိုင်ငံအတွင်း စာမတတ်သူလူဦးရေ ပိုမိုတိုးလာဖွယ်ရှိသည်ဟူ၍လည်း မှန်းဆနိုင်သည်။ မိမိတို့နိုင်ငံကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်လျက်ရှိရာ နိုင်ငံသူ နိုင်ငံသားများ ပညာရည်မြင့်မားရန်နှင့် အခြေခံအားဖြင့် စာတတ်မြောက်ရန်လိုသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သော မြန်မာစာကို တိုင်းရင်းသားများအားလုံး တတ်မြောက်နေရန်လိုအပ်သည်။

နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) တွင် ကျောင်းပြင်ပရောက် ကလေးငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရေး၊ စာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးအစီအစဉ်များကို လုပ်ငန်းအစီအစဉ်များ ချမှတ်၍ နှစ်အလိုက် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူများကို နှစ်အလိုက် လျှော့ချနိုင်ရေးအစီအစဉ်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလှုပ်ရှားမှုဆောင်ရွက်ရာတွင် လူထုလှုပ်ရှားမှုအသွင် ကိုယ့်မှုကိုယ့်ဟန်ဖြင့် တစ်မျိုးသားလုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး ကြီးကြီးမားမား အောင်မြင်မှုလည်း ရရှိခဲ့ခြင်းကြောင့် ကမ္ဘာကျော်ခဲ့သော နိုင်ငံဖြစ်သည်။ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က ချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ်တွင်လည်းကောင်း၊ နိုမာဆုကို ၁၉၈၃ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့သည့်သာဓကများ ရှိထားသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလှုပ်ရှားမှု အအောင်မြင်ဆုံးကာလကို ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ၂၄ နှစ်တာကာလအတွင်း တွေ့မြင်နိုင်သည်။ အဆိုပါကာလသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရခေတ်ဖြစ်ပြီး ပါတီက စည်းရုံးမှုနှင့်ဦးဆောင်မှုပေးနိုင်ခဲ့ခြင်း၊ စာတတ်မြောက်ရေးကော်မတီများ ကို ပြည်နယ်/တိုင်းမှသည် ခရိုင်၊ မြို့နယ်နှင့် အောက်ခြေရပ်/ကျေးအထိ အဆင့်ဆင့်ဖွဲ့စည်း၍ လှုပ်ရှားရာတွင် တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသူကျောင်းသားများက နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်များတွင် ဆရာ ဆရာမများအဖြစ် တက်ကြွစွာပါဝင်ခဲ့ကြခြင်းတို့ကြောင့် အဆိုပါ ၂၄ နှစ်တာ ကာလအတွင်း လူပေါင်း ၂ သန်း ၄ သိန်းကျော် စာတတ်မြောက်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလှုပ်ရှားမှု အတွေ့အကြုံ ကြီးမားရင့်ကျက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း နိုင်ငံ၏ အခြေအနေအရ ကျောင်းပြင်ပ ပညာရေးနှင့်စာတတ်မြောက်ရေး လှုပ်ရှားမှုတို့ကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေရဦးမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မူလတန်းပညာ ပြီးဆုံးအောင် မသင်ကြားနိုင်ခဲ့သည့် ကလေးသူငယ် ၂ ဒသမ ၇ သန်းရှိပြီး အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူ ၃ ဒသမ ၅ သန်း ရှိနေခြင်းတို့က နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုကြီးပင်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံသားများ ပညာရည်နိမ့်ကျနေခြင်းနှင့် စာတတ်မြောက်မှုမရှိခြင်းတို့က နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်စေသည်။ လူတိုင်းအတွက် ပညာရေး (Education for All) ကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ပြီး နိုင်ငံသားတိုင်း စာတတ်မြောက်မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

## လူထုပါတီ (The Party for People) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၃ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း ၉ ရက်
( ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလ ၂၁ ရက် )

**လူထုပါတီ (The Party for People) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးရပ်ကွက်၊ ကာယ (၁၂)လမ်း၊ အမှတ် (၄/၃၆၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လူထုပါတီ (The Party for People)** ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လူထုပါတီ (The Party for People)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၄၆ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ပြည်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**ပြည် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီးပြည်မြို့ ခုတင်၅၀၀ အထွေထွေရောဂါကုဆေးရုံကြီး၌ လစဉ် ၂၁ ရက်နေ့တိုင်း ဒေသတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၃၆ ဦးအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ပေးရာတွင် ပြည်ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုး ဦးဆောင်သော အရိုးအကြောအထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းအဖွဲ့က အဆိုပါအငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၃၆ ဦးကို သွေးပေါင်ချိန်ပေးခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း အပါအဝင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆေးဝါးကုသစစ်ဆေးမှုများနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးကြသည်။



ယင်းဆောင်ရွက်မှုကို ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်)မှ ဗိုလ်မှူးချုပ်ဆန်းဌေးမောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## လပွတ္တာမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ငါးသယံဇာတထိန်းသိမ်းရေးအသိပညာပေး

**လပွတ္တာ ဒီဇင်ဘာ ၂၁**

လပွတ္တာမြို့နယ် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့်



အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါအခမ်းအနားတွင် လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းက သင်တန်းကျောင်းများရှိ သင်တန်းသားသင်တန်းသူများအား ငါးလုပ်ငန်းရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ငါးရိက္ခာဖူလုံစေရေး၊ ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး စသည်တို့ကို အသိပညာပေးဟောပြောသည်။ အဆိုပါအခမ်းအနားသို့ လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ငွေနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ညီညွတ်ရေးဆိုတာ

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်းတူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]



ဂေါ်ရင်ဂျီကျွန်းသဘာဝအလှ ဓာတ်ပုံ - ဦးချမ်းသာ

❖ ရှေ့ဖုံးမှ

မြန်မာ့တိုင်းရင်းဆေးပညာဟာ နှစ်ပေါင်းထောင်ချီ ရှည်လျားခဲ့တဲ့ သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့တဲ့ အမျိုးသားဆေးပညာဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ ခေတ်အဆက်ဆက် မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ကျန်းမာအောင် နေထိုင်ခဲ့ကြပါတယ်။ တိုင်းရင်းဆေးဖြင့် အသက်ရှင်ခဲ့ကြပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ အခြေခံဖြစ်တဲ့ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးကိုအခြေတည်ပြီး လက်တွေ့ပျောက်ကင်းအောင် ကုသနိုင်ခဲ့တဲ့ မှတ်တမ်းများကို တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်မှာ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်များနဲ့ ဆေးကျမ်းများမှာ တွေ့ရှိရပါတယ်။ ဒါ့အပြင် ရှေးခေတ်တိုင်းရင်းသမားတော်ကြီးများကိုယ်တိုင် ဘုရင်နဲ့တကွ၊ မင်းညီမင်းသားများ၊ မှူးကြီးမတ်ရာများ၊ သေနာပတိများနဲ့ တိုင်းသူပြည်သားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့တဲ့ မှတ်တမ်းများ အထင်အရှားတွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသများမှာနေထိုင်ကြပြီး ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုများမှာ ယနေ့ထိတိုင် ရိုးရာတိုင်းရင်းဆေးဝါးများကို ယုံကြည်အားထားပြီး သုံးစွဲလျက်ရှိနေကြတာကို တွေ့ရှိရပါတယ်။

ယနေ့အချိန်အခါမှာ နိုင်ငံတော်အနေနဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မယ့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အမျိုးသားဆေးပညာဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်မှုပေးနိုင်ဖို့အတွက် နိုင်ငံတစ်ဝန်း တိုင်းရင်းဆေးရုံ၊ ဆေးခန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ခေတ်မီဆေးသိပ္ပံပညာများ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ သဘာဝဆေးဝါးများကို တွင်ကျယ်စွာအသုံးပြုလာကြတာကို တွေ့ရပါတယ်။ **“အစာလည်းဆေး၊ ဆေးလည်းအစာ”** ဟူတဲ့ သဘောတရားနဲ့အညီ နေ့စဉ်နေထိုင်မှုလူမှုဘဝမှာလည်း မြန်မာ့တိုင်းရင်းဆေးပညာအခြေခံသဘောတရားဖြစ်တဲ့ ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် ရသာခြောက်ပါးကို ညီညွတ်မျှတစွာ စားသုံးပေးခြင်းဖြင့် သက်ရှည် ကျန်းမာစွာနေထိုင်နိုင်တဲ့ နည်းလမ်းကောင်းများရှိနေပါတယ်။ ဒါ့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာကို တန်ဖိုးထားထိန်းသိမ်းရန် လိုအပ်သကဲ့သို့ ပြည်သူလူထုအနေဖြင့် တိုင်းရင်းဆေးပညာနည်းစနစ်များအရ နေ့စဉ်မျှတစွာ စားသောက်နေထိုင်ကြစေလိုကြောင်းကို တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာ့သမိုင်းအစဉ်အဆက် လက်ဆင့်ကမ်း အသုံးပြုခဲ့ကြတဲ့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာ အဆင့်အတန်း ပိုမိုမြင့်မားစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာများ သင်ယူလေ့လာခြင်း၊ မျှဝေခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း၍ ကမ္ဘာ့အလယ်မှာ မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါတယ်။ နိုင်ငံတော်အနေဖြင့် အဘက်ဘက်ကလိုအပ်ချက်များကို ဝိုင်းဝန်းပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။



“မြန်မာ့သမိုင်းအစဉ်အဆက် လက်ဆင့်ကမ်းအသုံးပြုခဲ့ကြတဲ့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာအဆင့်အတန်း ပိုမိုမြင့်မားစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာများသင်ယူလေ့လာခြင်း၊ မျှဝေခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း၍ ကမ္ဘာ့အလယ်မှာ မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါတယ်။ နိုင်ငံတော်အနေဖြင့် အဘက်ဘက်က လိုအပ်ချက်များကို ဝိုင်းဝန်းပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်”

နိုင်ငံတော်၏ လမ်းညွှန်ပံ့ပိုးပေးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နှစ်စဉ်သုတေသနရန်ပုံငွေများ ထောက်ပံ့ပေးလျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေနှင့် အစွမ်းထက်မြက်လှသော မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးများ၊ ဆေးနည်းများ၊ ဆေးပင်များကို အတွေ့အကြုံအခြေပြုဆေးပညာမှသည် အထောက်အထားအခြေပြု ဆေးပညာအဖြစ်သို့ရောက်ရှိအောင် သုတေသနများတိုးမြှင့်လုပ်ဆောင်ရန် တိုက်တွန်းမှာကြားလိုပါတယ်။

ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်နေချိန်၌ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနက မြန်မာ့တိုင်းရင်းဆေးကျမ်းလာ ဝိသမအဖျားပျောက်ဆေးကို စနစ်တကျသုတေသနဆောင်ရွက်၍ ကိုဗစ် - ၁၉ ရောဂါလက္ခဏာများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်တဲ့ ကိုဗစ်-၁၉ ရောဂါ ကုသဆေးတစ်လက် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများမှာ ဝိသမအဖျားပျောက်ဆေးဖြင့် ကိုဗစ်-၁၉ ရောဂါသာမက ရာသီတုပ်ကွေးရောဂါကိုပါ ကုသပေးနေတာကို သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရေးနှင့်ပတ်သက်ပြီး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပံ့ပိုးပေးလျက်ရှိပါတယ်။ ဝိသမအဖျားပျောက်ဆေးကဲ့သို့ မြန်မာ့တိုင်းရင်းဆေးဝါးများကို စနစ်တကျသုတေသနပြုလုပ်၍ အများပြည်သူ ယုံကြည်အားထားလာအောင် ဆောင်ရွက်ကြရန်နှင့် ဘေးဥပဒ်ကင်းပြီး အရည်အသွေးအာမခံချက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို မြန်မာနိုင်ငံအတွင်းသာမက နိုင်ငံတကာသို့တင်ပို့နိုင်အောင် မျှော်မှန်းဆောင်ရွက်ကြရန်ကိုလည်း အားပေးတိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပပေးရခြင်းသည် မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များထဲက အရေးကြီးသောကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိပါတယ်။ ယခု (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြတဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နှီးနွယ်ဆက်စပ်ဝန်ကြီးဌာနများက ပညာရှင်ကိုယ်စားလှယ်များ၊ ကဏ္ဍအလိုက် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးကြသူ တိုင်းရင်းဆေးရပ်ဝန်းမှအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ညီလာခံကိုတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအချင်းချင်း တွေ့ဆုံခိုက် ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်ပွင့်လင်းစွာဖြင့် ဆွေးနွေးတိုင်ပင်နှီးနှောပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဤဂုဏ်ပြုမိန့်ခွန်းကို ပေးပို့အပ်ပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❒ *ရှေ့ဖုံးမှ*

အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အသင်း/အဖွဲ့များ၊ တိုင်းရင်းဆေးကောင်စီဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းကြီးနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ တိုင်းရင်းဆေးသမားတော် ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၊ ဆေးပစ္စည်းလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးရုံများမှ ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း Video Message ကို ဖွင့်လှစ်ပြသသည်။ **(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်းအပြည့်အစုံအား (စာမျက်နှာ – ရှေ့ဖုံးနှင့် စာမျက်နှာ– ၃) တွင် သီးခြားဖော်ပြထားပါသည်။)**

**ဆွေးနွေးညှိနှိုင်းခွင့်၊ အသိပညာဖလှယ်ခွင့်ရရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၂၂) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ (၂၂) ကြိမ်ကာလအတွင်း မြန်မာတစ်နိုင်ငံလုံးတွင်ရှိနေကြသည့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နီးနွှယ်ပညာရှင်များအနေဖြင့် ယခုညီလာခံကြီးတွင် တစ်နှစ်တစ်ကြိမ် တွေ့ဆုံခွင့်ရရှိပြီး ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးနှင့် စောင့်ရှောက်ပေးနိုင်ရေးအတွက် တိုင်းရင်းဆေးပညာရပ်များ ဆွေးနွေးညှိနှိုင်းခွင့်၊ အသိပညာဖလှယ်ခွင့် ရရှိကြကြောင်း။

ယခုကျင်းပသည့် (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းပြည်ပရှိ ဆက်စပ်နီးနွှယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်မားသည့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန်၊ ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးရန်၊ ပြည်သူလူထု၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးရန် စသည့် ရည်ရွယ်ချက် (၄)ရပ်နှင့် ကျင်းပခြင်းဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များကို ယခုညီလာခံက ညှိနှိုင်းဆွေးနွေးချမှတ်ပေးနိုင်မည်ဟုယုံကြည်ပါကြောင်း။

**လက်ဆင့်ကမ်းအမွေပေးနိုင်မည်**

ယခုကဲ့သို့ နိုင်ငံတော်က ဦးဆောင်ကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲတွင် မြန်မာ့တိုင်းရင်းဆေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိအမြင်များ ဖလှယ်နိုင်ကြရုံသာမက ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် အခြေအနေများကို သိရှိနိုင်ရန် အခွင့်အလမ်းများ ရရှိကြမည်ဖြစ်ကြောင်း၊ ညီလာခံတွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးခွင့်များ ရရှိကြမည့်အပြင် အတွေ့အကြုံရင့်ကျက်သည့် တိုင်းရင်းဆေးသမားတော်ကြီးများက မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်မည်ဖြစ်သောကြောင့် မျိုးဆက်သစ်တိုင်းရင်းဆေးဆရာများအနေဖြင့် ပညာအမွေဆက်ခံခွင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများကိုပါ ရရှိစေမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

ညီလာခံအဆက်ဆက်တွင် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိသည့် အဆိုပြုချက်များ၊ တင်ပြဆွေးနွေးမှုများ ပြုလုပ်ကြပြီး ထောက်ခံဆွေးနွေးမှုများက ထွက်ပေါ်လာသည့် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည့် လုပ်ငန်းစဉ်များကို အပြည့်အဝအကောင်အထည်ဖော်နိုင်အောင် စုပေါင်းအားထုတ်ကြရန်ကိုလည်း မိမိအနေဖြင့် အားပေးတိုက်တွန်းလိုပါကြောင်း။

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် အဆိုပြုချက် (၄)ချက် အဆိုပြုတင်သွင်းပြီး အလေးထားဆွေးနွေးကြမည်ဟု သိရကြောင်း၊ နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားကာ အားပေးချီးမြှောက်ပေးလျက်ရှိနေသကဲ့သို့ တိုင်းရင်းဆေးပညာရှင်များကလည်း ယခုလို ကြိုးစားအားထုတ်နေသည်ကို တွေ့ရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ထိုသို့ ကြိုးစားအားထုတ်ကြရာတွင် စည်းကမ်းတကျဖြစ်စေရန် တိုင်းရင်းဆေးကောင်စီဥပဒေ၊ တိုင်းရင်းဆေးဝါးဥပဒေတို့သည် အဓိကမဏ္ဍိုင်ကြီးများဖြစ်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဘွဲ့ရအဆင့်မှ တိုင်းရင်းဆေးပညာ မဟာဘွဲ့အဆင့်အထိ လေ့ကျင့်မွေးထုတ်ပေးနေပြီဖြစ်ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်တွင်းတွင် ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်သလို ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာ ကဏ္ဍများနှင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

**တိုင်းရင်းဆေးပညာရှင်များကကြိုးပမ်း**

နိုင်ငံတစ်နိုင်ငံချင်း၊ လူမျိုးတစ်မျိုးချင်း၏ တိုင်းရင်းဆေးပညာရပ်များသည် အခြေခံအားဖြင့် မတူညီကြသည့်အတွက် မြန်မာ့တိုင်းရင်းဆေးပညာ အခြေခံသီအိုရီများ၊ ကိုယ်ပိုင်မူ ကိုယ်ပိုင်လက္ခဏာများကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းကြရမည်ဖြစ်သကဲ့သို့ အဆိုပါအခြေခံသီအိုရီများကို ခိုင်မာမှန်ကန်ကြောင်း သက်သေပြရန်ကိုလည်း တိုင်းရင်းဆေးပညာရှင်များက ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

**ပညာရပ်အချို့ တိမ်မြုပ်ပျောက်ကွယ်**

ရှေးမြန်မာမင်းများလက်ထက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများ၏ သမိုင်းကြောင်းကို ကြည့်ပါက ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်တွင် မြန်မာ့တိုင်ရင်းဆေးပညာ စစ်စစ်ဖြစ်သည့် ဒေသနာနယ ဆေးပညာနည်းစနစ် တောင်သာခြောက်လုံးကောက်ဆေးပညာကိုတောင်သာဆရာကြီးဆရာမှုန့်မှ တီထွင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထိုသို့ အစွမ်းထက် ဆေးစွမ်းကောင်းများပေါ်ထွန်းခဲ့သော်လည်း မြန်မာ့တိုင်းရင်းဆေးပညာသည် တတ်ကျွမ်းသည့် သမားတော်ကြီးများထံတွင် စာတွေ့၊ လက်တွေ့အနီးကပ် ဆည်းပူးလေ့လာရသဖြင့် လက်ဆင့်ကမ်းသင်ယူသူများ နည်းပါးလာခြင်း၊ ပညာအမွေအနှစ်မှတ်တမ်းများ လွှဲပြောင်းပေးနိုင်မှု အကန့်အသတ်နှင့်အားနည်းချက်ရှိခြင်းတို့ကြောင့် မြန်မာ့တိုင်းရင်းဆေးဝါးများရှိ ပညာရပ်အချို့ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ်တွင် မန္တလေးမြို့၌ တိုင်းရင်းဆေးတက္ကသိုလ်ကိုဖွင့်လှစ်ကာ မျိုးဆက်သစ်တိုင်းရင်းဆေးပညာဘွဲ့ရများ မွေးထုတ်နိုင်ခဲ့ပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် "သက်ကြီးစကား၊ သက်ငယ်ကြား" ဆိုသကဲ့သို့ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးကုသခန်းများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

**“ကမ္ဘာ့ကျန်းမာရေးနှင့် ဆေးပညာနယ်ပယ်ကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတကာတွင် ဆေးဖက်ဝင်အပင်များ၏ အစိတ်အပိုင်းများနှင့် ဖော်စပ်ထုတ်လုပ်ထားသည့် ဆေးဝါးများ အသုံးပြုမှုကို ပိုမိုအလေးထားလာသည်ကို တွေ့ရှိရ၊ နာမကျန်း လူနာများကို ကုသရာတွင်လည်း သဘာဝအခြေခံကုထုံးများ တိုးမြှင့်အသုံးပြုလာ”**

အတွေ့အကြုံရင့်ကျက်သည့် တိုင်းရင်းဆေးသမားတော်ကြီးများက မျိုးဆက်သစ်လူငယ်များနှင့် ပညာရပ်ဆိုင်ရာများ၊ အတွေ့အကြုံဗဟုသုတများ နှီးနှောဖလှယ်နိုင်ခြင်း၊ လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးအထောက်အပံ့များ ရမည်ဖြစ်သည့်အတွက် မျိုးဆက်သစ်များကလည်း အနာဂတ်မြန်မာ့တိုင်းရင်းဆေးပညာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ခေတ်နှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**မျက်ခြည်မပြတ်ဆန်းစစ်လေ့လာ**

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးဝါးများ မှတ်ပုံတင်ခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ရင်ပေါင်တန်း လိုက်ပါဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ အာဆီယံနိုင်ငံများနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆွေးနွေးဖလှယ်ခြင်း၊ ဆေးဝါးများကို အပြန်အလှန်ကူးသန်းရောင်းဝယ်ခြင်းပြုလုပ်နိုင်ကြရန် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါး လုပ်ငန်းရှင်များက မျက်ခြည်မပြတ် ဆန်းစစ်လေ့လာပြီး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ကြောင်း။

အလားတူ ဘင်းမ်စတက်၊ မဲခေါင် စသည့် ဒေသတွင်း အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေသည်ကိုတွေ့ရပါကြောင်း၊ ထို့အပြင် ၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံတွင် ကျင်းပသည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ (B2B) ညီလာခံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများအတွင်း ကိုဗစ်-၁၉ ရောဂါနှင့် ကူးစက်ရောဂါများကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်းဆိုင်ရာညီလာခံများ၊ တရုတ်နိုင်ငံတွင် ကျင်းပသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးပညာများ ပေါင်းစည်းထားသည့် ကူးစက်ရောဂါများအား ကာကွယ်ခြင်းဆိုင်ရာညီလာခံ၊ တရုတ်-အာဆီယံ ဆေးဝါးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့် ခရီးသွားကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာဖိုရမ်၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ် စသည့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းပါဝင်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် ကျင်းပသည့် (၁၂) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲကို အိန္ဒိယနိုင်ငံမှ အာယုဗ္ဗေဒဆေးပညာရှင် လာရောက်ပြီး စာတမ်းဖတ်ကြားခဲ့သည်ကိုလည်း သိရှိရပါကြောင်း။

**သဘာဝအခြေခံကုထုံးများ တိုးမြှင့်အသုံးပြုလာ**

ကမ္ဘာ့ကျန်းမာရေးနှင့် ဆေးပညာနယ်ပယ်ကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတကာတွင် ဆေးဖက်ဝင်အပင်များ၏ အစိတ်အပိုင်းများနှင့် ဖော်စပ်ထုတ်လုပ်ထားသည့် ဆေးဝါးများအသုံးပြုမှုကို ပိုမိုအလေးထားလာသည်ကို တွေ့ရှိရကြောင်း၊ နာမကျန်းလူနာများကို ကုသရာတွင်လည်း သဘာဝအခြေခံကုထုံးများ တိုးမြှင့်အသုံးပြုလာကြပါကြောင်း၊ ဇီဝကမ္မဖြစ်စဉ်များကို ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် သင့်တင့်မျှတအောင် ထိန်းသိမ်းပြီး ကျန်းမာရေးကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း။

မိမိတို့ဘိုးဘွားဘီဘင်လက်ထက်ကပင် ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးဝါးများနှင့် ပြုစုစောင့်ရှောက်လာခဲ့သည်မှာ ယနေ့မိမိတို့ခေတ်အထိပင်ဖြစ်ပြီး နောင်လည်း ဆက်လက်တည်ရှိနေဦးမည်မှာ အသေအချာပင်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအတွက် အသုံးပြုနိုင်ရန် မြန်မာ့တိုင်းရင်းဆေးဝိသမအဖျားပျောက်ဆေးကို စနစ်တကျ သုတေသနပြုလုပ်ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများတွင် အသုံးပြုနေပြီဖြစ်ပါကြောင်း။

**လက်ဆင့်ကမ်းအမွေပေး**

မြန်မာ့တိုင်းရင်းဆေးပညာကို အမျိုးသားရေးအမွေအနှစ်ဆေးပညာအဖြစ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ တိုင်းရင်းဆေးနှင့် ပြည်သူလူထုကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ အရည်အချင်းပြည့်ဝသည့် တိုင်းရင်းဆေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး၊ အန္တရာယ်ကင်းပြီး အကျိုးအာနိသင်ထက်မြက်သည့် ဆေးဝါးများ ထုတ်လုပ်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ ကမ္ဘာ့အဆင့်မီအောင် ဆောင်ရွက်နိုင်ရေး၊ ဝါရင့်တိုင်းရင်းဆေးသမားတော်ကြီးများ လက်ရှိသုံးစွဲနေသည့် ကုထုံးများ၊ ဆေးဝါးများကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရေး စသည်ဖြင့် လုပ်ဆောင်ဖွယ်ရာ အများအပြားရှိနေပါကြောင်း။

အဆိုပါလုပ်ငန်းများပြီးမြောက်အောင်မြင်အောင် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးသမားတော်အပေါင်းတို့သည် တိုင်းရင်းဆေးရပ်ဝန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video ကို ပြသသည်။

ထို့နောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယကနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲအထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးကုသခန်းများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းရင်းဆေးခြင်းအား ဂါရဝပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂျပန်ရောက် မြန်မာများအနေဖြင့် အခွန်ဆောင်ရာတွင် တစ်လပျမ်းမျှဝင်ငွေ ယန်း၂၀၀၀၀၀ ရှိသူက လစဉ်ဝင်ငွေခွန် ယန်း၂၀၀၀ နှင့် ယန်း ၂၀၀၀၀၀ အောက်လျော့နည်းသူက လစဉ်ဝင်ငွေခွန် ယန်း ၁၀၀၀ ဆောင်ရမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် တစ်လပျမ်းမျှဝင်ငွေ ယန်း၂၀၀၀၀၀ ရှိသူက လစဉ်ဝင်ငွေခွန် ယန်း၂၀၀၀ နှင့်ယန်း ၂၀၀၀၀၀ အောက်လျော့နည်းသူက လစဉ်ဝင်ငွေခွန် ယန်း ၁၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးထားသည်။

ပြည်ပတွင်ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများ၏ ပြည်ပတွင်နိုင်ငံခြားဝင်ငွေဖြင့် စုစုပေါင်း လစာဝင်ငွေအပေါ် အောက်တိုဘာ ၁ ရက်ကစတင်ကာ ဝင်ငွေခွန်ထမ်းဆောင်ရမည်ဖြစ်ကြောင်းနှင့် ဝင်ငွေခွန်ထမ်းဆောင်ရာတွင် လိုက်နာရမည့်နည်းလမ်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၂၃ ဖြင့် နိုဝင်ဘာ ၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ဂျပန်နိုင်ငံတွင်ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် ဝင်ငွေခွန်ပေးဆောင်ကြရမည်ဖြစ်ပြီး ဂျပန်တွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအတွက် တစ်လပျမ်းမျှဝင်ငွေအား ယန်း ၂၀၀၀၀၀ နှုန်းသတ်မှတ်ပြီး ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအရ ယန်း ၄၀၀၀ သတ်မှတ်ထားကာ အဆိုပါယန်း ၄၀၀၀ အနက်သက်သာခွင့်အဖြစ်ယန်း ၂၀၀၀ သတ်မှတ်ပေးသွားမည်ဖြစ်၍ လစဉ်ဝင်ငွေခွန်အဖြစ် ယန်း ၂၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ သတ်မှတ်ထားသည့်တစ်လပျမ်းမျှဝင်ငွေ ယန်း ၂၀၀၀၀၀ အောက်လျော့နည်းရရှိသူများအနေဖြင့်လည်း အထောက်အထားများ ဖြင့်တင်ပြလာပါက ၎င်းတို့အတွက် တစ်လပျမ်းမျှဝင်ငွေအား ယန်း ၁၅၀၀၀၀ နှုန်းသတ်မှတ်၍ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအရ ယန်း ၃၀၀၀ သတ်မှတ်သွားမည်ဖြစ်ကာ အဆိုပါ ယန်း ၃၀၀၀ အနက် သက်သာခွင့်အဖြစ် ယန်း ၂၀၀၀ သတ်မှတ်ပေးသွားမည်ဖြစ်ရာ လစဉ်ဝင်ငွေခွန် ယန်း ၁၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာသံရုံးအနေဖြင့် ဝင်ငွေခွန်ပေးဆောင်မှုဆိုင်ရာ ပြေစာ အထောက်အထားများထုတ်ပေးမည်ဖြစ်ပြီး အခွန်ထမ်းနိုင်ငံသားမှ သတ်မှတ်ကာလတစ်ခုအတွင်း သံရုံးတွင်ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်ပေးဆောင်မှုဆိုင်ရာ အထောက်အထားလက်မှတ်ထုတ်ပေးရန် လျှောက်ထားလာပါက ၎င်းတို့အနေဖြင့် သံရုံးတွင် အမှန်တကယ်ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်ပမာဏနှင့်ပျမ်းမျှဝင်ငွေပမာဏတို့ဖြင့် ထောက်ခံစာထုတ်ပေးသွား မည်ဟုလည်း သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးအပါအဝင် မြန်မာသံရုံးအသီးသီးကလည်း အခွန်ပေးဆောင်မည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံအလိုက် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

**MT**

# အပျက်မှာ မပျော်ဘဲ အဖြစ်မှာ အပြုသဘောဆောင်ကြပါစို့

မိုးကေနိုင်

ခေတ်အခြေအနေအရ လူတွေမှာ အပျက်သဘောတွေးခြင်းတွေ များလာတယ်။ အပျက်သဘောအတွေးများတော့ အပျက်စိတ်များလာတတ်တာမဆန်း။ မူလ အပြုစိတ်မထားတတ်သူတွေမှာ အပျက်စိတ် ထားဖန်များရင် အပျက်မှာ ပျော်လာကြတာ သဘာဝပါ။ အပျက်သဘောဟူသည် အဖျက်စွမ်းအားကို ပို၍ကြီးမားသွားစေတယ်ဆိုတာကို သတိမထားမိတဲ့အခါ...။

## အပျက်တွေကြား ပျော်နေသူတွေ

အပျက်တွေကြားမှာ အပျက်ကိုကြည့်ပြီး ပျော်နေသူတွေ တွေ့ရတဲ့အခါ အံ့ဩမိပါတယ်။ လောကမှာ ပျော်တတ်သူရှိသလို ဒုက္ခရောက်စိတ်ညစ်တတ်သူရှိတတ်တာလည်း သဘာဝပါ။ သူ့ခံယူချက်နဲ့သူပေါ့။ ဒါပေမယ့် ယခုလိုအခြေအနေမျိုးမှာ စားဝတ်နေရေးအရ ခက်ခဲနေသူတွေရှိတယ်၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေသူတွေရှိတယ်၊ နိုင်ငံရဲ့ နေရာအချို့မှာ စစ်ရှောင်ဒုက္ခသည်တွေရှိနေတယ်၊ စစ်ပွဲကြားမှာ ပြေးလွှားနေကြတဲ့ မိမဲ့ဖမဲ့ အငိုမျက်လုံးနဲ့ကလေးတွေ၊ အဘိုးတွေအဘွားတွေ၊ စာသင်ချိန်မှာ စာမသင်ရတဲ့ လူငယ်တွေ၊ ပျက်စီးနေတဲ့ လမ်းတွေ တံတားတွေ၊ မီးလောင်နေတဲ့ အိုးအိမ်တိုက်တာတွေ၊ မီးရှို့ခံရလို့ နေစရာဘုံပျောက် အိုးမဲ့အိမ်မဲ့ဘဝရောက်ရသူတွေ၊ ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက် မီးလောင်ပျက်စီးသွားတဲ့ ကုန်တင်ယာဉ်ကြီးတွေနဲ့ လမ်းဘေးမှာ မရောင်းလိုက်ရလို့ ပုပ်ပွနေတဲ့ ရာသီသီးနှံတွေနဲ့အတူ ဘဝပျက်သွားသူတွေ...။ ဒီလို ဒုက္ခတွေကို ကြည့်ပြီးတော့ကို ပျော်နေကြ ဝမ်းသာနေကြသူတွေရှိနေပါတယ်။

အားနာလို့ အပျော်မျက်နှာမပြတတ်ပေမယ့် စိတ်ထဲကြိတ်ပြီး ကျေနပ်နေသူတွေလည်း ဒုနဲ့ဒေးပေါ့။ အဖျက်လုပ်ရပ်တွေနဲ့ အပျက်တွေမြင်နေရတာတောင်မှ ဒီလုပ်ရပ်တွေဟာ တစ်ချိန်မှာ အောင်မြင်လိမ့်မယ်လို့ ထင်နေသူတွေလည်း ရှိသေးတယ်။ အဖြစ်အပျက်တွေအပေါ် ဝမ်းနည်းစကားပြောနေပေမယ့် ကျေနပ်နေတဲ့မျက်နှာအရိပ်ကို မဖုံးနိုင်သူတွေ ပတ်ဝန်းကျင်မှာ အများကြီးရှိပါတယ်။ လူတွေသေတာကိုကြည့်ပြီး စိတ်ထဲမှာကြိတ်ပျော်နေသူတွေလည်း တွေ့ဖူးတယ်၊ ဘယ်သူဘယ်ဘက်က ဘယ်လိုသေသေ ယဉ်ကျေးပြီး အပြုသဘောမြင်တတ်သူအနေနဲ့တော့ ဝမ်းနည်းတတ်ကြမှာပါ။ ဒါပေမယ့် တချို့က တည်ဆောက်ရင်း ကာကွယ်ရင်း အသက်စွန့်နေရသူတွေ၊ တချို့က အဖျက်လုပ်ရပ်နဲ့အတူသေရသူတွေ၊ တရားမှု မတရားမှုအကြား အမှန်နဲ့အမှားကြား ခွဲခြားမသိလောက်အောင်ကို ဖြစ်နေတာကိုကြည့်ရတာတော့ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းနဲ့ ဘယ်လိုမှမစပ်ဟပ်ဘူး ထင်ပါတယ်။

## အပျက်သဘော ပြောဖန်များတော့

အမှန်နဲ့အမှားကို ခွဲခြားသိသူအဖို့တော့ ယခုလို ဒုက္ခတွေအပေါ် ပျော်ရွှင်နေသူတွေအပေါ်မှာ ဘယ်လိုမှ မုဒိတာပွားနိုင်မှာ မဟုတ်ပါဘူး။ မဟုတ်တဲ့အပေါ်မှာ မုဒိတာပွားဖို့ထက် ဒုက္ခရောက်နေသူတွေအပေါ်မှာကရုဏာထား၊ မေတ္တာအစားထိုးနိုင်ရင် ပိုကောင်းတာပေါ့။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ ဘာလာလာ အပြစ်ပြောလိုက်ရမှ ကျေနပ်တဲ့ လူတန်းစားတစ်ရပ်လည်းရှိသေးတယ်။ အပျက်တွေးသူအများစုဟာ အပြစ်ပြောတတ်တာများတဲ့အတွက် အပျက်သဘောများလွန်းလာတဲ့အခါ စိတ်လည်းမရှင်း၊ အလုပ်လည်းမရှင်း၊ နောက်ဆုံး လုပ်ငန်းလည်း မတွင်ကျယ်ဘူးဖြစ်ကုန်ရော။

မငြိမ်းချမ်းတဲ့ဝန်းကျင်မှာ တိုင်းပြည်က လုံးဝပျက်စီးနေသယောင် မငြိမ်းချမ်းကြောင်း ပုံကြီးချဲ့ရင်း ကိုယ်ကိုယ်တိုင် သာသာယာယာ နေတတ်သူတွေလည်းရှိတယ်။ တချို့က အဖြစ်အပျက်ပေါ်မှာ ကိုယ်လိုရာဆွဲတွေး ကိုယ်ဖြစ်ချင်တာ ဆွဲပြောတတ်သူတွေလည်းရှိတယ်။ သူတို့ဟာ အပြင်မှာဖြစ်နေတဲ့ အမှန်တရားနဲ့ကွဲပြားစွာ ပြဿနာကို ကိုယ်ကိုယ်တိုင် ဖန်တီးယူနေသူတွေပါပဲ။ သူတို့ရဲ့ပြောစကားတွေက ကျင့်ဝတ်နဲ့မညီ များသောအားဖြင့် စိတ်မချမ်းသာစရာတွေက များပါတယ်။ အောင်မြင်မှုကိုတွေ့သည့်တိုင် အပျက်သဘောမှတ်ချက်ကိုသာ ပေးလေ့ရှိတတ်ကြတယ်။ မကောင်းတာများများ ပြောတတ်သူဟာ နောက်ပိုင်းမှာ သူလုပ်တာမှန်သမျှမှာ မကောင်းတာအများဆုံး ကြုံရတတ်တာလည်း တိုက်ဆိုင်မှုတစ်ခုလို့တော့ မဆိုချင်ပါဘူး။

ကရုဏာလိုလို၊ အားနည်းချက်ထောက်ပြသလိုလို ပြောနေပေမယ့် မျက်နှာဟန်အမူအရာက အပျက်သဘောသွင်ပြင်ကို မဖုံးနိုင်သူတွေလည်း ပတ်ဝန်းကျင်မှာ အများသား။ အပြောက စင်ကြယ်သလိုလိုရှိပေမယ့် စိတ်ကမစင်ကြယ်၊ လောကကြီးကို အများဆုံး အပြစ်ပြောနေပြီဆိုရင် သူကိုယ်တိုင်လည်း ကောင်းတဲ့သူတစ်ဦးတော့မဟုတ်ဘူးဆိုတာတော့ ယေဘုယျသုံးသပ်ကြတယ်။ ကောင်း / မကောင်း ကိုယ့်ကိုယ်ကိုယ်မသိပေမယ့် ဘေးလူက အသိဆုံး ဖြစ်နေတတ်တာမျိုး။ ဖြစ်၊ တည်၊ ပျက် သဘောနားမလည်ဘဲ အပျက်ကိုချည်း အယူမှားသူဟာ နောက်ဆုံးကိုယ်ကိုယ်တိုင်ပျက်စီးမှုနဲ့ ကြုံရပြီး တွေတွေဝေဝေ ပူဆွေးသောကနဲ့ နိဂုံးချုပ်ရတတ်တယ်ဆိုတာ တရားသဘောနဲ့ယှဉ်ပြီး သတိပြုဖို့လိုပါတယ်။ ဆိုလိုတဲ့အကြောင်းရင်းက သူတို့ထံမှာ ကုသိုလ်စိတ်ထက် အကုသိုလ်စိတ်က ပိုများနေလို့ပါပဲ။

## အပျက်ကို ပြန်လည်တည်ဆောက်နေသူများ

လောကကြီးမှာ အပျက်သဘောချည်းလည်း မဟုတ်ပါဘူး။ အဖျက်တွေကြား အပျက်အစီးတွေရှိသလို ဖျက်လို့ပျက်သွားတဲ့နေရာမှာ ပြန်လည်ပြင်ဆင်ပြုပြင်နေတဲ့သူတွေကို တွေ့ရမြင်ရတဲ့အခါ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုအကြိမ်ကြိမ်ခေါ်မိပါတယ်။ အမှန်လည်း အတ္တကြားမှာ ပရဟိတစိတ်ဓာတ်ရှိသူတွေ များစွာရှိပါတယ်။ သူတို့က အပျက်ကို မတွေး၊ အဖြစ်ကိုပဲတွေးပြီး အပြုသဘောဆောင်သူတွေပါ။ လူလူချင်း အမုန်းတွေပြိုင်နေတဲ့ လောကကြီးမှာ ဒီလိုလူမျိုးဟာ သူ့ကိုယ်သူ ထပ်ဆင့်အမုန်းတွေ မဖြန့်မိအောင်နေပါတယ်။ မီးလောင်ရာ လေပင့်သဘောမျိုး လူ့အဖွဲ့အစည်းအပေါ် သစ္စာမဖောက်တတ်ပါဘူး။ မြင်တတ်မယ်ဆိုရင် ယနေ့ခေတ်ကြီးမှာ လူ့အဖွဲ့အစည်းကို မပျက်ပျက်အောင် ဖျက်ဆီးနေသူတွေ၊ မငြိမ်းချမ်းအောင်လုပ်နေသူတွေရှိသလို ဒီလိုလူတွေကြားထဲ သူများဖျက်ပြီးသား အပျက်အစီးကို ပြန်လည်ပြုပြင်နေသူတွေ၊ ငြိမ်းချမ်းမှုမရရအောင် တည်ငြိမ်အေးချမ်းမှုမရှိရှိအောင် တည်ဆောက်နေသူတွေလည်း ရှိပြန်ပါတယ်။

ဥပမာပြရရင် ချိုးတဲ့သူကချိုး၊ ခွဲတဲ့သူကခွဲတဲ့ကြားမှာ အန္တရာယ်ကြားမှာ အလင်းဆောင်သူမျိုးတွေပါ။ ခုနစ်ရက်သားသမီး သွားလမ်းသာလို့ လာလမ်းဖြောင့်အောင် တည်ဆောက်ပြုပြင်လုပ်နေသူတွေကို တွေ့ရတော့ သာဓုအကြိမ်ကြိမ်ခေါ်စရာ၊ ဒုက္ခအပူတွေရှိရာကို ခက်ခက်ခဲခဲသွားပြီး ဒုက္ခရောက်သူတွေ၊ မပြည့်စုံသူတွေကို အစာအာဟာရ၊ အဝတ်အထည်၊ အသုံးအဆောင်ဖြည့်တင်းပေးတဲ့ မြင်ကွင်းတွေ၊ ဆေးမကုနိုင်သူတွေကို ဆေးကုပေးသူတွေ၊ စိတ်ဓာတ်အကြီးအကျယ် ကျနေသူတွေကို တတ်နိုင်သမျှ ဖေးမစောင့်ရှောက်ကူညီသူတွေကို တွေ့ရတဲ့အခါ အားတက်မိပါတယ်။ တကယ်လက်တွေ့လုပ်သူတွေဟာ အများကြီး မပြောတတ်ကြပါဘူး။ သူတို့ဟာ အဖြစ်နဲ့အပျက်၊ အကြောင်းနဲ့ အကျိုးကို ကောင်းကောင်း ဆင်ခြင်သုံးသပ်နိုင်သူတွေဖြစ်ပြီး သူများကို အပြစ်မပြော၊ ညည်းတွားခြင်းဖြင့် အချိန်မဖြုန်း၊ ကိုယ်လုပ်တဲ့အလုပ်မှာ လုပ်စရာရှိတာကို လုပ်တယ်၊ အကောင်းဆုံးဖြစ်အောင် လုပ်တတ်ကြသူတွေဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

## အကောင်းနဲ့အဆိုးကြား အပြုသဘောသာ မြင်တတ်ရင်

တစ်ခါတစ်ရံ ပတ်ဝန်းကျင်မှာ အပျက်သဘောချည်းပြောသူများကြား တချို့အပြုသဘောဆောင်တဲ့ မှတ်ချက်လေးတွေနဲ့ဝင်ပြီး ဖာထေးပြောဆိုတတ်သူတွေလည်း ရှိပါတယ်။

*စာမျက်နှာ ၇ သို့*



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ကျောက်ဆည်မြို့အတွင်း တံတားအမှတ် (၇၃၆) ကို အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးရထားဝန်ထမ်းများက ဒီဇင်ဘာ ၁၉ ရက်တွင် ပြန်လည်ပြုပြင်နေစဉ်။

> ❖ အပျက်တွေကြားမှာ အပျက်ကိုကြည့်ပြီး ပျော်နေသူတွေ တွေ့ရတဲ့အခါ အံ့ဩမိပါတယ်။ လောကမှာ ပျော်တတ်သူရှိသလို ဒုက္ခရောက်စိတ်ညစ်တတ်သူရှိတတ်တာလည်း သဘာဝပါ။ သူ့ခံယူချက်နဲ့ သူပေါ့။ ဒါပေမယ့် ယခုလိုအခြေအနေမျိုးမှာ စားဝတ်နေရေးအရ ခက်ခဲနေသူတွေရှိတယ်၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေသူတွေ ရှိတယ်၊ နိုင်ငံရဲ့နေရာ အချို့မှာ စစ်ရှောင်ဒုက္ခသည်တွေရှိနေတယ်၊ စစ်ပွဲကြားမှာ ပြေးလွှားနေကြတဲ့ မိမဲ့ဖမဲ့ အငိုမျက်လုံးနဲ့ကလေးတွေ၊ အဘိုးတွေအဘွားတွေ၊ စာသင်ချိန်မှာ စာမသင်ရတဲ့ လူငယ်တွေ၊ ပျက်စီးနေတဲ့ လမ်းတွေ တံတားတွေ၊ မီးလောင်နေတဲ့ အိုးအိမ်တိုက်တာတွေ၊ မီးရှို့ခံရလို့ နေစရာဘုံပျောက် အိုးမဲ့အိမ်မဲ့ ဘဝရောက်ရသူတွေ၊ ကုန်သွယ်ရေးလမ်းကြောင်းတစ်လျှောက် မီးလောင်ပျက်စီးသွားတဲ့ ကုန်တင်ယာဉ်ကြီးတွေနဲ့ လမ်းဘေးမှာ မရောင်းလိုက်ရလို့ ပုပ်ပွနေတဲ့ ရာသီသီးနှံတွေနဲ့အတူ ဘဝပျက်သွားသူတွေ...။ ဒီလို ဒုက္ခတွေကို ကြည့်ပြီးတော့ကို ပျော်နေကြ ဝမ်းသာနေကြသူတွေ ရှိနေပါတယ်

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများ လိုက်လံကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပလျက်ရှိသည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် ဝန်ကြီးဌာန ၁၆ ခုမှ ခင်းကျင်းပြသထားသည့် ပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။ **(ယာပုံ)**

လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်များ အတွင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့် အနုပညာစွမ်းအားဖြင့် အသိပညာ ဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့် အတွေးအခေါ် အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ပူးပေါင်း ဆောင်ရွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်သည်။

အဆိုပါ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာ ပွဲတော်ကို "ပြည်ထောင်စုအကျိုး သယ်ပိုးဖို့ အသိပညာမြှင့်တင်စို့" ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပွဲတော်တွင် ဝန်ကြီးဌာနများမှ ပြခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အနုပညာရှင်များနှင့် ဆွေးနွေးပွဲများ၊ တိုင်းရင်းသားရိုးရာအစားအစာဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များကို ခင်းကျင်းပြသထားပြီး ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည် ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



---

## ပေါင်းတည် အ-ထ-က ခွဲ (ပေါက်တန်း)၌ လူငယ်စကားဝိုင်းကျင်းပ

**ပေါင်းတည် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အခြေခံပညာ အထက်တန်းကျောင်းခွဲ (ပေါက်တန်း)တွင် ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးအေးကျော်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသန်းဇော်ဝင်းတို့က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးဆုစံက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး စကားဝိုင်း၌ Grade–11 မှ မောင်ကောင်းထက်ဇော်က လူငယ်တို့၏ ခေါင်းဆောင်မှုစိတ်ဓာတ်၊ Grade–11 မှ မအိဇ္ဈာဖြိုးက လူငယ်များအတွက် တွန်းအား၊ Grade–10 မှ မောင်အောင်ထက်ပိုင်က ယနေ့လူငယ်များနှင့်အချိန်၊ Grade–10 မှ မဇူးနန္ဒာကျော်က လူငယ်နှင့် စာနာမှု ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။

**သူရကြီး (ပြန်/ဆက်)**

---

*စာမျက်နှာ ၆ မှ*

❑ **လောကကြီးမှာ အပျက်သဘောချည်းလည်းမဟုတ်ပါဘူး။ အဖျက်တွေကြား အပျက်အစီးတွေရှိသလို ဖျက်လို့ပျက်သွားတဲ့နေရာမှာ ပြန်လည်ပြင်ဆင်ပြုပြင်နေတဲ့သူတွေကို တွေ့ရမြင်ရတဲ့အခါ ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုအကြိမ်ကြိမ်ခေါ်မိပါတယ်။ အမှန်လည်း အတ္တကြားမှာ ပရဟိတစိတ်ဓာတ်ရှိသူတွေ များစွာရှိပါတယ်။ သူတို့က အပျက်ကိုမတွေး၊ အဖြစ်ကိုပဲတွေးပြီး အပြုသဘောဆောင်သူတွေပါ။ လူလူချင်း အမုန်းတွေပြိုင်နေတဲ့ လောကကြီးမှာ ဒီလိုလူမျိုးဟာ သူ့ကိုယ်သူ ထပ်ဆင့်အမုန်းတွေ မဖြန့်မိအောင်နေပါတယ်။ မီးလောင်ရာလေပင့်သဘောမျိုး လူ့အဖွဲ့အစည်းအပေါ် သစ္စာမဖောက်တတ်ပါဘူး။ မြင်တတ်မယ်ဆိုရင် ယနေ့ခေတ်ကြီးမှာ လူ့အဖွဲ့အစည်းကို မပျက်ပျက်အောင် ဖျက်ဆီးနေသူတွေ၊ မငြိမ်းချမ်းအောင် လုပ်နေသူတွေရှိသလို ဒီလိုလူတွေကြားထဲ သူများဖျက်ပြီးသား အပျက်အစီးကို ပြန်လည်ပြုပြင်နေသူတွေ၊ ငြိမ်းချမ်းမှုမရရအောင် တည်ငြိမ်အေးချမ်းမှုမရှိရှိအောင် တည်ဆောက်နေသူတွေလည်း ရှိပြန်ပါတယ်**

သူတို့ဆီက အကောင်းမြင်စိတ်ကလေးနဲ့ ဝင်ပြီး ထောက်ခံလိုက်တဲ့စကား ကြားရတဲ့အခါ စိတ်ဓာတ်ကျသူဟာ တဒင်္ဂအားဖြင့်တော့ စိတ်ချမ်းသာမှုလေးရပြီး အားတက်သွားပါတယ်။ မျှော်လင့်ချက်လေးတွေ ရှိလာတယ်၊ ယုံကြည်ချက်တွေ တိုးလာတယ်။ သောကအပူနဲ့ ဆောက်တည်ရာမရဖြစ်သူရဲ့အပူကို နှစ်သိမ့်ကူညီတတ်သူတွေမှာ ငြိမ်းချမ်းနေတဲ့ အသွင်အပြင်ကို တွေ့ကို တွေ့ရမှာပါ။

အမှန်တော့ သူတို့ဟာ အပြုသဘောဆောင်သူ၊ လက်တွေ့ကျကျ တည်ဆောက်နေကြသူတွေသာ ဖြစ်ပါတယ်။ သို့ပေမယ့် တစ်ချိန်လုံးပူပန်သောက စိတ်တွေကြား အပြုသဘောမဆောင်တာတွေချည်း ကြားရတဲ့သူအဖို့မှာတော့ အားငယ်ငြိုးငွေ့၊ စိတ်ဓာတ်ကျမိမှာ သေချာပါတယ်။ တချို့ စိတ်ခံအားနည်းသူတွေဆို တွေးတောယုံမှားသံသယဖြစ်ပြီး ကိုယ့်မှာရှိတဲ့ သတ္တိစွမ်းရည်တောင် ပျောက်သွားတတ်ပါတယ်။

လောကမှာ တစ်ဦးချင်းပဲဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံချင်းပဲကြည့်ကြည့် အကောင်းအဆိုး ရောပြွမ်းပြီး ရှိနေတတ်ပါတယ်။ အနည်းနဲ့အများ ကွာတာရှိသလို အကြောင်းတရားအမျိုးမျိုးကြောင့် အဆိုးဘက်များတာလည်း ရှိနိုင်ပါတယ်။ အကောင်းအဆိုးမှာ ကောင်းတာကို ကောင်းသထက် ကောင်းအောင်လုပ်ရမှာ တာဝန်တစ်ခုဖြစ်သလို အရေးကြီးဆုံးက ဆိုးနေတာကို ပိုဆိုးမသွားအောင်နဲ့ ဆိုးတဲ့အပိုင်းတွေကို ပြန်လည်ပြင်ဆင် ပြုပြင်နိုင်အောင် အားထုတ်ဖို့ လိုအပ်ခြင်းပါပဲ။ ဒါမှသာ လောကကြီးဟာ နေထိုင်ချင်စရာကောင်းပြီး ဟန်ချက်ညီတဲ့ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရာ ရောက်ပါလိမ့်မယ်။

ထပ်ပြီးမှတ်ချက်ပြုလိုတာက ပျက်စီးမှုတွေကို ကြည့်လိုက်ရင် မကောင်းတာ လုပ်သူတွေကြောင့် ဖြစ်ရသလို ဒီလို မကောင်းတာလုပ်နေတာကိုပဲ လက်ပိုက်ကြည့်နေသူတွေကြောင့်လည်း ပိုပြီးပျက်စီးသွားရတာမျိုးဖြစ်နေခြင်းပါပဲ။ အားလုံးအကျပ်အတည်းနဲ့ ဒုက္ခရောက်နေချိန်မှာ တချို့ ဝိသမလောဘစိတ်နဲ့ မတရားအမြတ်ထုတ် ခေါင်းပုံဖြတ်တဲ့ အတ္တလူတန်းစားတစ်ရပ်လည်း ရှိသေးတယ်။ ဘယ်သူသေသေ ငတေမာပြီးရော ကျင့်ဝတ်မရှိ မလုပ်သင့်မလုပ်အပ်ရာတွေကြောင့် ပြဿနာက ပိုပြီးဆိုးသွားနိုင်ပါတယ်။ ဒါကြောင့် တချို့အရာတွေမှာ မျက်စိပိတ်မနေသင့်ဘူး။ တားသင့်တာတား၊ ပြင်သင့်တာပြင်၊ တည်ဆောက်သင့်တာ ပြန်လည်တည်ဆောက်ယူရပါမယ်။ ခဏလေးနဲ့ ဖျက်ဆီးတာမြန်ပေမယ့် အချိန်ယူပြန်တည်ဆောက်ရတာ အလွန်ခက်ခဲပါတယ်။ ဒါကြောင့် မပျက်စီးအောင် အဖျက်ဆီးမခံရအောင် အားလုံးက ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းကြခြင်းသည်သာ အကောင်းဆုံးလို့ ယူဆမိပါတယ်။

အားလုံးဟာ တွက်ကြည့်လိုက်ရင် သင်ခန်းစာယူစရာတွေချည်းပါပဲ။ နောက်ဆုံး အပျက်စိတ်နဲ့ အဖျက်လုပ်ရပ်မျိုးဟာ အရှုံးနဲ့ပဲကြုံရမှာဖြစ်သလို အဖျက်တွေအပေါ်မှာ အပျက်စိတ်နဲ့လိုက်တွေးပြီး အပြုသဘောမဆန်ရင်လည်း ကိုယ်ကိုယ်တိုင် ပျက်စီးခြင်းကိန်း ဆိုက်တတ်ပါတယ်။ အပျက်သဘော အလေ့အထရှိသူအများစုမှာ အခြားသူတွေထက် လောဘ၊ ဒေါသအရာမှာ အားကြီးနေတဲ့အတွက်ကြောင့်ပါပဲ။ ဒါကြောင့် အပျက်တွေများတဲ့ လူ့အဖွဲ့အစည်းတစ်ခုဟာ အဆိုးသံသရာက ဘယ်တော့မှ မလွတ်မြောက်နိုင်ကြခြင်း ဖြစ်ပါတယ်။

**အဆိုးများတဲ့ဝန်းကျင်မှာ ခံနိုင်ရည်ရှိအောင်လည်း ကြိုးစားရပါမယ်။ အကောင်းဘက်ကို ပိုမြင်ပေးပြီး ခံနိုင်ရည်ရှိမှ မိမိမျှော်လင့်ချက်လည်း ပြည့်ဝနိုင်မှာမို့ပါ။ စိတ်ခံစားမှုကို ဦးစားမပေးဘဲ လက်ရှိဖြစ်ပျက်နေတာတွေကို အလွယ်တကူခံစားသိမြင်နားလည်နိုင်အောင် ဦးစွာလေ့လာသင့်ပါတယ်။ ဒါမှသာ ကိုယ့်ထက်ဆိုးသူ၊ ကိုယ့်ထက်ဒုက္ခရောက်သူတွေကို လူသားချင်းစာနာစိတ်လေးနဲ့ အားပေးကူညီရာရောက်ပါမယ်။ အားပေးလိုတာက အလွယ်တကူ စိတ်ဓာတ်မကျ၊ နောက်မဆုတ်ဘဲ တည်ဆောက်သူတွေဖြစ်အောင် ကြိုးစားဖို့ပါ။**

လောကကြီးမှာ ဘာမှမတည်မြဲဘူးဆိုတာ ဆင်ခြင်ရုံနဲ့တင် လုံလောက်သွားပါလိမ့်မယ်။ ဖြစ်လာတဲ့အရာဟာလည်း သူ့အလိုလို ဖြစ်လာတာမဟုတ်၊ အကြောင်းတရားတွေ ပေါင်းစုံညီညွတ်သွားလို့ အကျိုးတရားအနေနဲ့ မဖြစ်မနေဖြစ်လာရတာပါ။ ဒါဟာ မှန်ကန်တဲ့သဘောတရားတစ်ခုပါ။ ဒီလိုဖြစ်လာလို့ ဖြစ်တဲ့အရာဟာလည်း ခဏတာပဲ တည်တတ်ပါတယ်၊ အကြာကြီး ရှိမနေပါဘူး။ ပြီးလျှင် ပြန်ပျက်သွားတာပဲရှိတယ်၊ ဒီသဘောလေးပါပဲ။ ယခုလို ဖြစ်၊ တည်၊ ပျက်ခိုက်မှာ ကောင်းတဲ့ အဖြစ်ကလေး ဖြစ်ပေါ်လာအောင်၊ ဖြစ်လာတဲ့ အကောင်းလေးကို ကြာရှည်တည်နေအောင်လေး လုပ်နိုင်ရင်ကို လောကကြီးမှာ အတော်ငြိမ်းချမ်းနေပါပြီ။

ဒါကြောင့် ကျွန်တော်တို့အားလုံး အပျက်သဘောမှာဝမ်းနည်းမနေဘဲ၊ ပျော်မနေကြ၊ ရပ်တန့်မနေကြဘဲ ဖြစ်နေတဲ့ အဖြစ်သဘောလေးတွေကို အပြုသဘောရှုကြံပြီး ကောင်းသောတည်ဆောက်သူတွေဖြစ်ကြရလေအောင် ကြိုးစားကြပါစို့ဟူ၍ ရေးသား တင်ပြလိုက်ရပါတယ်...။ ။

# လူငယ်နှင့် စာပေအနုပညာပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် MRTV-4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲ သရုပ်ဆောင်များ ဦးဆောင်၍ "လူငယ်နှင့်အကောင်းမြင်စိတ်" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ကျင်းပဆွေးနွေးနေမှုကို တက်ရောက်ကြည့်ရှုအားပေးပြီး ဦးဆောင်ဆွေးနွေးပေးခဲ့ကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် MRTV-4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲသရုပ်ဆောင်များက စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ စာပေနှင့်အနုပညာကဏ္ဍမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မှုအခြေအနေ၊ လူငယ်ဘဝတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ လူငယ်ဘဝမှစတင်၍ အကောင်းမြင်စိတ် မွေးမြူခြင်းအားဖြင့် အောင်မြင်မှုရရှိစေမည့် အခြေအနေများ၊ တိုင်းပြည်တာဝန်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်များအနေဖြင့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားအားထုတ်ရမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ကျောင်းသားကျောင်းသူများနှင့် လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။



လူငယ်နှင့်စာပေအနုပညာပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြခန်း၌ လူငယ်များ ဉာဏ်စမ်းပဟေဠိကစားနည်းများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးစဉ်။



လူငယ်နှင့် စာပေအနုပညာပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြခန်းကို ကြည့်ရှုအားပေးစဉ်။

အဆိုပါ ဆွေးနွေးပွဲတွင် လူငယ်များ ဗဟုသုတရဖွယ် အကြောင်းအရာများနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေရေး အစီအစဉ်ကောင်းများလည်း ပါဝင်သည့်အတွက် ကျောင်းသားလူငယ်များအပြင် စိတ်ဝင်စားသည့် ပြည်သူများဖြင့်လည်း မြိုင်မြိုင်ဆိုင်ဆိုင် စည်ကားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးမှ အနုပညာရှင်များ ဖြစ်ကြသည့် ဒိန်းဒေါင်၊ ငြိမ်းချမ်း၊ အုန်းသီး၊ ချစ်စံ၊ ကျော်ထက်နှင့် အငြိမ့်မင်းသမီး နေခြည်ငြိမ်းချမ်းတို့က ပွဲတော်လာပြည်သူများ စိတ်အေးချမ်းပျော်ရွှင်မှု ရှိစေရန်အတွက် "ရွှေမြန်မာ" အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လူငယ်နှင့်စာပေအနုပညာပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် ပွဲတော်အတွင်း ဝန်ကြီးဌာနအလိုက် စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားသည့် ပြခန်း၊ ပြကွက်များ၊ ကျောင်းသားလူငယ်များ စာပေနှင့် ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန် စာအုပ်၊ စာစောင်ခင်းကျင်းပြသထားမှုများ၊ စိတ်ဝင်စားပျော်ရွှင်ဖွယ် စီစဉ်ဆောင်ရွက်ပေးထားသည့် ကစားနည်းများနှင့် ဉာဏ်စမ်းပဟေဠိ ကစားနည်းများတွင် ပွဲတော်လာပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြမှုများနှင့် ပွဲတော်လာပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်နိုင်ရန် တိုင်းရင်းသားရိုးရာစားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသားလူငယ်များနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။


**သတင်းစဉ်**

## ပြခန်းတွေပြတဲ့ထဲမှာ ကျောင်းသား ကျောင်းသူတွေရဲ့စိတ်ကူးတွေကို ကိုယ်တိုင်ဖန်တီးပုံဖော်လို့ရမယ့်၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်လို့ရမယ့် Activity တွေ ပိုပြီးထည့်သင့်တယ်လို့ ထင်ပါတယ်

**မောင်အောင်မင်းစိုး(Grade-9-A)**

**"ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့" ဟူသည့်ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အတွက် အားကိုးအားထားရမည့် အနာဂတ်မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်သည့်လူငယ်လူရွယ်များ ဖြစ်လာစေရေးအတွက် ရည်ရွယ်ကာ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပွဲတော်(ဒုတိယနေ့)ကို ယနေ့ဆက်လက်ကျင်းပသည်။ ဒီဇင်ဘာ ၂၂ ရက်အထိ ဆက်လက်ကျင်းပမည့် အဆိုပါပွဲတော်သို့ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကျောင်းများအလိုက် ခင်းကျင်းပြသထားသည့်ပြခန်းများမှ တာဝန်ရှိသူများနှင့်ပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့် ကျောင်းသားလူငယ်များ၏ စကားသံများကို ဖော်ပြလိုက်ပါသည်-**

**ဦးအောင်မြင့်**
**(ညွှန်ကြားရေးမှူးချုပ်)**
**သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**



ဦးအောင်မြင့်



မောင်ဖြိုးစည်သူကျော်

အခုကျင်းပနေတဲ့ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ဌာနလေးခုကနေ ပြခန်းငါးခန်း ပြသထားပါတယ်။ ပြခန်းတွေမှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ရန်ကုန်နဲ့ မန္တလေးကနေပြီးတော့ ကျောင်းဆင်းသွားတဲ့အထဲက ထူးချွန်ထက်မြက်တဲ့ အနုပညာရှင်တွေကို ဖော်ညွှန်းပြသထားပါတယ်။ ကျောင်းရဲ့ လှုပ်ရှားမှု၊ ထုတ်ဝေတဲ့ကျမ်းစာတွေ၊ ချီးမြှင့်တဲ့ဘွဲ့တွေကို ပြသထားပါတယ်။ အထူးပြသချက် အနေနဲ့ ရုပ်သေးဆွဲပြီးသရုပ်ဖော်တင်ဆက်တဲ့ပြကွက်နဲ့ စောင်းအတီးပညာကို ပြသတဲ့ပြကွက်လေးတွေ ပါပါတယ်။ သမိုင်းသုတေသနနဲ့ အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အနေနဲ့ကတော့ လွတ်လပ်ရေးနေ့ အကြိုဖြစ်တဲ့အတွက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအစဉ်အဆက်တွေကို ပြခန်းတစ်ခုအနေနဲ့ပြသပါတယ်။ အဲဒီမှာ မြန်မာနိုင်ငံဟာ ရှေးကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်ခဲ့တဲ့သမိုင်းကို ရှေးက နန်းတော်ရာတွေနဲ့သရုပ်ဖော်ထားပါတယ်။ နောက်တစ်ခုက အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးကြိမ်ဖြစ်ပြီးတော့မှ မြန်မာနိုင်ငံ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရတဲ့ အကြောင်းနဲ့ လွတ်လပ်ရေးဆုံးရှုံးပြီးတဲ့နောက် တိုင်းရင်းသားတွေက ရရာလက်နက်စွဲကိုင်ပြီးတော့ တိုက်ပွဲဝင်ခဲ့ကြတဲ့ ပြကွက်နဲ့ ထင်ရှားခဲ့ကြတဲ့ ပုဂ္ဂိုလ်များကို ပြသထားပါတယ်။ အဲဒီကနေ လွတ်လပ်ရေး ပြန်လည်ရရှိခဲ့တဲ့ အထိ ကြိုးပမ်းဆောင်ရွက်မှုသမိုင်းကြောင်းအထောက်အထားတွေကို ပြသထားပါတယ်။ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ပြခန်း နှစ်ခန်းမှာတော့ စာပေအထောက်အထားတွေ၊ ရှေးကျတဲ့ လက်ရေးစာတွေ၊ အုတ်ခွက်စာတွေ၊ ပေစာ၊ ပုရပိုက်စာတွေ၊ ရှေးဟောင်း စေတီ ပုထိုးတွေရဲ့ Digital Directory ကို ခင်းကျင်းပြသထားပါတယ်။

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖြစ်သလို လူငယ်နှင့် စာပေအနုပညာပွဲဖြစ်တဲ့အတွက်ကြောင့် ပြခန်းတွေကို လာရောက်ကြမယ့် လူငယ်တွေအတွက် အထူးသဖြင့် အသိပညာဗဟုသုတတွေ အများကြီးပြန့်ပွားနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်ပေးထားပါတယ်။ တကယ့်ကို ထူးချွန်ထက်မြက်တဲ့၊ နိုင်ငံတော်အပေါ်သစ္စာရှိတဲ့ လူငယ်အနုပညာရှင်တွေပေါ်ပေါက်လာဖို့ ရည်ရွယ်ဖွင့်လှစ်ထားတဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် တက္ကသိုလ်နှစ်ခုရဲ့ လှုပ်ရှား ဆောင်ရွက်မှုတွေကိုလည်း အနီးကပ်လေ့လာနိုင်ပါမယ်။ မြန်မာ့ယဉ်ကျေးမှုမှာ တိမ်မြုပ်ပျောက်ကွယ် မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ မြန်မာ့ရိုးရာ ရုပ်သေးပညာရပ်ကိုလည်း လေ့လာနိုင်မယ်။ လွတ်လပ်ရေးဆုံးရှုံးပြီးတဲ့နောက် လွတ်လပ်ရေးကို ပြန်လည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ဖို့ ဘယ်လောက်ထိ ခက်ခဲပင်ပန်းတယ်ဆိုတဲ့ အသိပညာတွေကို ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ လာရောက်လေ့လာကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

**မောင်ဖြိုးစည်သူကျော်**
**(Grade-10) အထက(၁)**
**ဇေယျာသီရိမြို့နယ်**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ကိုယ်စားပြုအနေနဲ့ ကျွန်တော်တို့ ကျောင်းကိုယ်စားပြုအဖွဲ့ကတော့ ဦးဆောင်ပေးတဲ့ ဇီဝဗေဒ ဆရာမနဲ့ သူငယ်ချင်းခြောက်ယောက်နဲ့အတူ ဇီဝဗေဒဘာသာရပ်မှာပါတဲ့ လူသားတွေရဲ့ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ DNA မော်လီကျူးရဲ့ အခြေခံသဘောတရားနဲ့ ဖွဲ့စည်းပုံကို သရုပ်ဖော်တဲ့ Project လေးကို ပြသထားပါတယ်။ ဒီအတွက်ကိုတော့ အများကြီးပြင်ဆင်ခဲ့ရတယ်။ အဓိကကတော့ သက်ရှိတွေရဲ့ ပိုင်ဆိုင်ထားတဲ့ မျိုးရိုးဗီဇတွေက တစ်ခုနဲ့တစ်ခု မျိုးဆက်ပြောင်းလဲပေးနေတဲ့

*စာမျက်နှာ ၉ သို့*

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ စည်ကားသိုက်မြိုက်စွာဆက်လက် ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိက ကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား၊ လူငယ်များနှင့်ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာ ကြည့်ရှုကြသည်။



ယနေ့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ လျှပ်စစ်သုံးယာဉ်စစ်ဆေးပြုပြင်ခြင်းနှင့် သင်ထောက်ကူပစ္စည်းဆိုင်ရာပြခန်း၌ ပြင်ပမော်တော်ယာဉ်တစ်စီး အား လက်တွေ့ပြုပြင်ဆောင်ရွက်နေရသကဲ့သို့ Quiz များ၊ Simulator များဖြင့် ပြသသင်ကြားပို့ချနေမှု ပြကွက်ကို ကျောင်းသား၊ လူငယ်များ အထူးစိတ်ဝင်တစား ကြည့်ရှုကြပြီး ပြခန်းတာဝန်ရှိသူများကလည်း လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံအတွင်းနေထိုင်သူ အသက် ၁၀နှစ်အထက်ရှိ နိုင်ငံသားများအား စမတ် ကတ်များထုတ်ပေးနိုင်ရေးအတွက် ကိုယ်ရေးအချက် အလက်များကောက်ယူစိစစ်ပြီး ဂဏန်း ၁၀ လုံးပါဝင် သည့် UID နံပါတ်များ တစ်ချိန်တည်းထုတ်ပေးခြင်း များကို ပြခန်းဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများဖြင့်လည်း ကြိတ်ကြိတ်တိုးစည်ကား လျက်ရှိသည်။

အလားတူ ယနေ့ခေတ်သည် အင်တာနက်ကို အသုံးပြု၍ ကမ္ဘာတစ်ဝန်း ချိတ်ဆက်ဆောင်ရွက်နေရ သည့် နည်းပညာခေတ်သို့ ရောက်ရှိနေပြီဖြစ်သော ကြောင့် ပြည်သူများအနေဖြင့် မိမိတို့၏သတင်း အချက်အလက်များ လုံခြုံစေရေးအတွက် ဆိုင်ဘာ လုံခြုံရေးဆိုင်ရာ အသိပညာပေးပြခန်းကို ဖွင့်လှစ် ထားရှိပြီး အင်တာနက် သုံးစွဲရာတွင် လိုက်နာရမည့် ကျင့်ဝတ်များ၊ စမတ်ဖုန်းလုံခြုံရေးနှင့် ကြိုးမဲ့ကွန်ရက် လုံခြုံရေးဆိုင်ရာ ပြကွက်များကို လက်တွေ့ သင်ထောက်ကူပစ္စည်းများဖြင့် ရှင်းလင်းပြသပေးရာ နည်းပညာကို စိတ်ဝင်စားကြသည့် ကျောင်းသား လူငယ်များကလည်း မိမိတို့ သိရှိလိုသည်များကို ကဏ္ဍများအလိုက် အလှည့်ကျမေးမြန်းကြသည်။

ထို့နောက် ရေကြောင်း၊ လေကြောင်းနှင့် မြန်မာ့ မီးရထားဆိုင်ရာပြခန်း၊ ရွှေလျားသိပ္ပံနှင့် နည်းပညာ ပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှုပြခန်း၊ အားကစားနှင့်လူငယ် ရေးရာပြခန်းနှင့် E-Sports ပြခန်းတို့တွင်လည်း စိတ်ဝင်စားဖွယ်ရာ ပြကွင်းပြကွက်များဖြင့် ခင်းကျင်း ပြသထားရှိရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပွဲတော်လာပြည်သူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)ပြခန်းတွင်လည်း မြန်မာ့ရိုးရာ ရုပ်သေးရုပ်အသုံးပြုကာ လုပငြိမ့်ညောင်းလှသည့် ကကြိုးကကွက်များဖြင့် ရုပ်သေးကြိုးဆွဲအက ဖျော်ဖြေမှုနှင့် ကျွမ်းကျင်သေသပ်လှပသည့် ပန်းချီ ပညာရပ်ဖြင့် ပုံတူပန်းချီများ ရေးဆွဲပေးမှုကြောင့် လည်း ပွဲတော်လာပြည်သူများ၏ စိတ်ဝင်စားမှုကို အထူးရရှိခဲ့သည်။

အလားတူစာအုပ်စာပေများဖတ်ရှု၍ အသိပညာ၊ အတတ်ပညာဗဟုသုတများ ရယူရန် စိတ်အား ထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များအတွက် ပြန်ကြားရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန၊ မြဝတီစာပေတိုက်နှင့် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံး ဝန်ထမ်းသက်သာစာအုပ်အရောင်းဆိုင် တို့မှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားပြီး စာပေ ဆုရစာအုပ်များ၊ ရသစာအုပ်များ၊ ဘဝအောင်မြင်ရေး စာအုပ်များ၊ ကျန်းမာရေးကဏ္ဍစာအုပ်များ၊ ပညာရပ် ဆိုင်ရာစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အနုပညာ စာအုပ်များ၊ ဆောင်းပါးများ၊ ရုပ်ပြစာအုပ်များ၊ စီးပွား ရေးစီမံခန့်ခွဲမှုစာအုပ်များနှင့် သမိုင်းစာအုပ်များ ခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေဗဟုသုတ များနှင့် စာပေအသိဉာဏ်များစွာ ရရှိစေသည့်အတွက် စာပေချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

ပွဲတော်အတွင်း၌လည်း (၇၆)နှစ်မြောက် လွတ်လပ် ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု မြန်မာစာရေးဆရာ၊ ဆရာမကြီးတို့၏ ဓာတ်ပုံများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၊ သဘာဝအလှရှုခင်းများ၊ ရိုးရာဓလေ့ပွဲတော်များ နှင့် အထင်ကရနေရာများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိရာ ဓာတ်ပုံအနုပညာကို ချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာရှင်များ ကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြ သည်။

ထိုသို့ အသိပညာဗဟုသုတရရှိစေမည့်အစီအစဉ် ကောင်းများအပြင် စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန နှင့် မြဝတီရုပ်မြင်သံကြားတို့မှ ဝန်ထမ်းများနှင့်နိုင်ငံ ကျော်အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများ ကြောင့်လည်း ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများက စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးကြသည်။

ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စိတ်ဝင် စားဖွယ်အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီ ဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့်သတင်းစတူဒီယို အတွင်း သတင်းကြေညာသည့်ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထား သည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ထို့ပြင် နေပြည်တော် ရဲတပ်ဖွဲ့မှ မူခင်းပညာပေး ပြခန်းယာဉ်ကို အသိပညာပေးပြသထားပြီး လုံခြုံ ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှု များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက် မြင့်မားရေးဆောင်ရွက်မှုများ၊ ယာဉ်ထိန်းလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကာတွန်းပုံများ၊ လောင်းကစားပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက် သော ဥပဒေနှင့်ပြစ်မှုပြစ်ဒဏ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါ ဝင်စားစွာဖြင့် လေ့လာကြသည်။

ထို့ပြင် လူငယ်နှင့်စာပေအနုပညာပွဲတော်သို့ လာရောက်ကြသည့် ကလေးများအတွက် စကားပုံ ဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်တည်ဆောက် မှုပြိုင်ပွဲများ၊ စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်း ပြိုင်ပွဲများနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

ပွဲတော်သို့လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူ များအနေဖြင့် စိတ်ဝင်စားဖွယ်ရာ ပြသထားသည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာရင်း တိုင်းရင်းသားများ၏ ရိုးရာအစားအသောက်များအား ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် အလွယ်တကူစားသုံး နိုင်ရန်အတွက်လည်း တိုင်းရင်းသားရိုးရာစားသောက် ဆိုင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ်ရောင်းချ ပေးခဲ့ရာ အစားအသောက်များ ပြတ်လပ်သည်အထိ လာရောက်စားသုံးဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် ပွဲတော်သို့ လာရောက်ကြသူများ တစ်စုံ တစ်ရာ ကျန်းမာရေးချို့ယွင်းမှုဖြစ်ပေါ်ပါကလည်း အရေးအပေါ် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် များနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲနိုင် ရေးအတွက်လည်း လုံခြုံရေးအစီအမံများကိုလည်း စနစ်တကျ ဆောင်ရွက်ထားသည်။

ယနေ့ကျင်းပသည့် လူငယ်နှင့်စာပေအနုပညာ ပွဲတော် ဒုတိယနေ့သို့ ကျောင်းသား ကျောင်းသူများ အပါအဝင် ပြည်သူ ၁၀၀၀၀ ကျော် စိတ်ပါဝင်စားစွာ ဖြင့် လာရောက်ပါဝင်ဆင်နွှဲခဲ့ကြပြီး စာအုပ်စာစောင် အရောင်းဆိုင်များတွင် ငွေကျပ် ၂၇ သိန်းကျော်နှင့် တိုင်းရင်းသားရိုးရာစားသောက်ဆိုင်များတွင်လည်း ငွေကျပ်သိန်း ၁၄၀ ကျော် ရောင်းချခဲ့ရကြောင်းနှင့် ဒီဇင်ဘာ ၂၂ ရက်တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပပေးသွားမည်ဖြစ်သည့်အတွက် မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရှိရသည်။

**သတင်း – သန်းမင်းအောင်၊ အောင်ရဲသွင်**
**ဓာတ်ပုံ –ကိုကြီးထိန်၊ ဖိုးပြည့်စုံ**

---

*စာမျက်နှာ ၈ မှ*

DNA ရဲ့ ပုံစံလေးတွေကို သိရှိစေဖို့အတွက် ရည်ရွယ်ပြသတာ ဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ ကျောင်းစာအတွက်သာမက ပြင်ပ ဗဟုသုတတွေ ရရှိစေဖို့အတွက် အခုလိုမျိုး ကျင်းပပေးနေတဲ့ပွဲတွေမှာ သွားရောက်လေ့လာကြဖို့၊ လူငယ်စကားဝိုင်းတွေမှာ ပါဝင်ဆွေးနွေးတာတွေကိုလည်း လုပ်ဆောင်ကြဖို့ သူငယ်ချင်းတွေ၊ ညီလေးညီမလေးတွေကို အကြံပေးချင်ပါတယ်။



မောင်အောင်မင်းစိုး



မောင်ဇင်မင်းသူ



မရှင်းမြင့်မိုရ်

**မောင်အောင်မင်းစိုး (Grade–9–A) အထက(၁၈)၊ နေပြည်တော်**

ဒီနေ့ပြသတဲ့ပြခန်းတွေထဲမှာ သိပ္ပံနဲ့နည်းပညာပြခန်းတွေရယ်၊ စာအုပ်စာစောင်ပြခန်းနဲ့ အရောင်းဆိုင်တွေရယ်၊ သမိုင်းပြခန်းတွေ တော်တော်များများစုံအောင်တော့ လေ့လာဖြစ်ပါတယ်။ အခုလိုမျိုး လူငယ်နှင့် စာပေအနုပညာပွဲတော် တွေလုပ်နေတဲ့အပေါ်မှာ အဓိက အားဖြင့်တော့ ကျွန်တော်တို့လို ကျောင်းသား လူငယ်တွေအတွက် ပြခန်းတွေပြတဲ့ထဲမှာ ကျောင်းသား ကျောင်းသူတွေရဲ့ စိတ်ကူးတွေကို ကိုယ်တိုင်ဖန်တီးပုံဖော်လို့ရမယ့်၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်လို့ရမယ့် Activity တွေ ပိုပြီး ထည့်သင့်တယ်လို့ ထင်ပါတယ်။

ပြခန်းတွေထဲက စိတ်ဝင်စားဖို့ အကောင်းဆုံးကတော့ သမိုင်းကြောင်း ရှေးမှတ်တမ်းတွေ၊ အုတ်ခွက်စာတွေနဲ့ သိပ္ပံနည်းပညာ ပြခန်းတွေကတော့ စိတ်ဝင်စားဖို့ အကောင်းဆုံးဖြစ်ပြီးတော့ ဗဟုသုတတွေ ရရှိခဲ့ပါတယ်။

**မောင်ဇင်မင်းသူ(ဒုတိယနှစ်) မန္တလေးပညာရေးကောလိပ်**

ကျွန်တော်ကတော့ မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ် ကနေမန္တလေးပညာရေးကောလိပ် မှာ ပညာသင်ကြားနေတာပါ။ အဲဒီကနေ ကျွန်တော်ကျောင်းကနေ အထက်မြန်မာပြည် ကိုယ်စားပြုနဲ့ အားကစားပြိုင်ပွဲ လာရောက် ယှဉ်ပြိုင်ရင်းနဲ့ လာရောက်လေ့လာတာပါ။ အခုဆို ပြခန်းတွေလည်း စုံတယ်။ စားချင်တာတွေလည်း အကုန်ရှိတယ်။ စာအုပ်တွေလည်း ရှိတယ်။ ဒီလိုမျိုး ပြပွဲကျင်းပပေးတာဟာ လူငယ်တွေအတွက် ကောင်းတယ်၊ လူငယ်တွေအတွက် အလွန်လည်း အရေးပါတယ်။ ဒီလိုမျိုးပွဲတွေ ကျင်းပပေးတဲ့အတွက် လူငယ်တွေရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို ပြသခွင့်ရသလို စွမ်းရည်တွေလည်း ပိုမြင့်လာပြီးတော့ ဘက်စုံထူးချွန်တဲ့သူတွေ၊ ထက်မြက်တဲ့ အားကစားသမားကောင်းတွေ ကမ္ဘာနဲ့ ယှဉ်နိုင်တဲ့သူတွေကို မွေးထုတ်ပေးနိုင်မယ်လို့ ထင်ပါတယ်။ ဘက်စုံထူးချွန်ဖို့ဆိုရင် အားကစားကလည်း ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ နောက်တစ်ခုက နိုင်ငံကို ကိုယ်စားပြုတဲ့နေရာမှာ အားကစားဟာလည်း တစ်ခုအပါအဝင်ဖြစ်တယ်။ ဒါကြောင့်မို့ ဘာပဲဖြစ်ဖြစ်ကိုယ်အားသန်ရာ၊ ဝါသနာပါတဲ့ အားကစားတစ်ခုခုကို လုပ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**မရှင်းမြင့်မိုရ်(Grade – 6) အထက(၅) ဇမ္ဗူသီရိမြို့နယ် နေပြည်တော်**

ဒီနေ့မှာတော့ သမီးသူငယ်ချင်းတွေနဲ့အတူ လူငယ်နှင့်စာပေအနုပညာပွဲတော်မှာ ပြထားတဲ့ ပြခန်းတွေအားလုံးကို လိုက်ကြည့်ဖြစ်ပါတယ်။ အဓိကအားဖြင့်တော့ ပညာရေးဝန်ကြီးဌာနက သမီးတို့ အခြေခံပညာကျောင်းတွေက အစ်ကို၊ အစ်မတွေရဲ့ သင်ရိုးသရုပ်ပြပုံတွေကိုလည်း လေ့လာခဲ့ရတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်းက Games တွေ၊ ဉာဏ်စမ်းတွေ ဝင်ပြိုင်ရင်းနဲ့ လက်ဆောင်တွေလည်း ရခဲ့ပါတယ်။ အခုလိုမျိုး လိုက်ကြည့်ရတာ ပျော်စရာလည်းကောင်းတယ်၊ ပြင်ပဗဟုသုတ အတွေ့အကြုံလည်း ရပါတယ်။ **ဇင်ဦး၊ ဟိန်းထက်ဇော်**

**ဓာတ်ပုံ – ဇင်ဟိန်း**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၁ ရက်က နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီ ကောလိပ်မှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းများကို ဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့

































# ကျေးရွာများ၏ ရေရှားပါးရခြင်းအဓိကအကြောင်းရင်းကိုဖော်ထုတ်ပြီး ဖြေရှင်းနိုင်မည့် ကာလတို၊ ကာလလတ်အစီအမံများရေးဆွဲပြီးဆောင်ရွက်ရန်လို



နေပြည်တော် ဒီဇင်ဘာ ၂၁

**အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် Business Plan နှင့် ငွေစာရင်းရေးဆွဲနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ၂၀၂၄ ခုနှစ် နွေရာသီ ရေရှားပါးပြတ်လပ်မှုကြုံတွေ့နိုင်သည့် ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် ကြိုတင်စီမံဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။** (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုအလုပ်ရုံဆွေးနွေးပွဲသည် လုပ်ငန်းထူထောင်မည့်သူများ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် စာရင်းဇယားများ မှန်ကန်စွာ ရေးဆွဲတတ်ရန် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင် ရက်ကန်းသင်တန်းကျောင်းများရှိစီမံကိန်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသော အရာထမ်း၊ ဝန်ထမ်းများက ဤဆွေးနွေးပွဲမှ ရရှိလာသော အသိပညာ၊ ဗဟုသုတများကို ပြန်လည်သင်ကြားပေးနိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ယခုအလုပ်ရုံ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ Business Plan အကြောင်း၊ Business Plan ရေးဆွဲနည်း၊ Business Plan အမျိုးအစားများ၊ ဒစ်ဂျစ်တယ် ဈေးကွက် စီးပွားရေးအကြောင်း၊ ဒစ်ဂျစ်တယ်ဈေးကွက်စီးပွားရေး၏ အရေးပါမှု၊ ဒစ်ဂျစ်တယ်ဈေးကွက် စီးပွားရေး၏ အကျိုးကျေးဇူးများ၊ ငွေစာရင်း ရေးဆွဲနည်းတို့ကို ဆွေးနွေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ စီမံကိန်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အရာထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ် နွေရာသီရေရှားပါးပြတ်လပ်မှု ကြုံတွေ့နိုင်သည့် ကျေးရွာများတွင် သောက်သုံးရေ ပြတ်လပ်မှု မဖြစ်ပေါ်စေရန် အတွက် ကြိုတင်စီမံဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့်လည်း ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်ထိ ကျေးရွာပေါင်း ၃၀၂၉၈ ရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်း ၄၁၅၂၄ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကျေးလက်လူဦးရေ ၂၂ သန်းကို အကျိုးပြုခဲ့ပါကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၁၁၉၅ ခုကို ဆောင်ရွက်မည်ဖြစ်သည့်အတွက် ကျေးရွာ ၉၂၀ မှ လူဦးရေ ၀ ဒသမ ၇ သန်းခန့်ကို ထပ်မံအကျိုးပြုစေမည် ဖြစ်ပါကြောင်း၊ နွေရာသီရေရှားပါးမှုပြဿနာကို ဖြေရှင်းရာတွင် သောက်သုံးရေ ဖြန့်ဝေခြင်းကဲ့သို့သော လတ်တလော ဆောင်ရွက်မည့် အစီအစဉ်များသာမက ကျေးရွာများ၏ ရေရှားပါးရခြင်း အဓိကအကြောင်းရင်းကို ဖော်ထုတ်ပြီး ဖြေရှင်းနိုင်မည့် ကာလတို၊ ကာလလတ် အစီအမံများ ရေးဆွဲပြီး စနစ်တကျ မြန်မြန်ဆန်ဆန် တုံ့ပြန်ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ၂၀၂၄ ခုနှစ် နွေရာသီကာလ သောက်သုံးရေ ရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီး/ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာသို့ ရောက်ရှိပြီး ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုပိုင် စိုက်ပျိုးဧက ၁၅ ဧကပေါ်တွင် ရုရှားသဘာဝမြေဩဇာ အသုံးပြု၍ အစေ့ထုတ်ပြောင်း GT-200 မျိုး စမ်းသပ် စိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး အသားတိုးကြက် မွေးမြူထားရှိမှု အခြေအနေများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။




အစီအစဉ်အရ ညီလာခံသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ နာယက ဦးမြင့်လွင်၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင် ဦးဝထွန်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးပေါ်ညိမ်းတို့က ဆောင်ရွက်ကြသည်။

ဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားရာတွင် ညီလာခံသို့ တက်ရောက်လာကြသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကိုယ်စားလှယ်ကြီးများနှင့် နီးနွယ်သောပညာရှင်များအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အဆင့်အတန်းမြင့်မားစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်နှင့် မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့၏ အတွေ့အကြုံ၊ အတွေးအခေါ်အယူအဆများကို ဆွေးနွေးကြပြီး တိုင်းရင်းဆေးလောက ပိုမိုတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုပေးကြရန် ဖြစ်ပါကြောင်း။

ညီလာခံတွင် အဆိုလေးရပ်ကို တင်သွင်းဖတ်ကြားသွားကြမည်ဖြစ်ပြီး တိုင်းရင်းဆေးလောကအတွက် တန်ဖိုးမဖြတ်နိုင်သည့် အဆိုများဖြစ်ကြောင်း၊ အဆိုများတွင် နိုင်ငံတကာမှ တိုင်းရင်းဆေးတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပြီး ဆောင်ရွက်ရမည့်အပိုင်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနသုံး ဆေးဝါးများနှင့် ပတ်သက်ပြီး ဘေးဥပဒ်ကင်းရှင်း၍ အရည်အသွေးနှင့် အာနိသင်ပြည့်ဝသော ပိုမိုကောင်းမွန်သည့် ဆေးဝါးများ ပေါ်ထွက်လာစေရေး သုတေသနများ ဆောင်ရွက်ရန်တို့ ပါဝင်ပါကြောင်း။

တိုင်းရင်းဆေးဝါး ထုတ်လုပ်သူလုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းဆေးဝါးများကို ဘေးအန္တရာယ်ကင်းရှင်းပြီး အာနိသင်ထက်မြက်သည့် ဆေးဝါးများအဖြစ် အထောက်အထားခိုင်မာစွာ ဆောင်ရွက်ပြီး ဖော်စပ်အသုံးပြုမည်ဆိုပါက ပြည်သူလူထုအနေဖြင့် မြန်မာ့တိုင်းရင်းဆေးဝါးများအပေါ် ယုံကြည်မှုပိုမိုရရှိကာ သုံးစွဲမှုများပြားလာမည်ဖြစ်သကဲ့သို့ နိုင်ငံတကာကိုလည်း ထိုးဖောက်နိုင်မည်ဖြစ်၍ မြန်မာ့တိုင်းရင်းဆေးလောကအတွက် အောင်မြင်မှုများ ပိုမိုရရှိလာမည်ဟု ယုံကြည်ပါကြောင်း၊ သို့မှသာ ပြည်သူလူထုအတွက် ငွေကြေးကုန်ကျသက်သာပြီး ထိရောက်သည့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်သဲဦးလွင်က အဆိုပြုချက် အမှတ်(၁) ဖြစ်သော တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ တိုင်းရင်းဆေးတက္ကသိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အဆိုကိုတင်သွင်းရာ မန္တလေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးညီညီမောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆိုပြုချက် အမှတ်(၂)ဖြစ်သည့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးနှင့် အာနိသင်ပြည့်ဝသည့် ပိုမိုကောင်းမွန်သော ဦးစီးဌာနသုံး တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရန်ကို ဧရာဝတီတိုင်းဒေသကြီးမှညီလာခံကိုယ်စားလှယ်ဒေါ်ဇာနည်စိုးက တင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်မြတ်နန္ဒာလင်းက ထောက်ခံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ညီလာခံ အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာစုစုဒွေး၊ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဦးမြင့်ဦး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ ဦးလှမြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်၊ ဦးစိုးဝင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) တို့က ဆောင်ရွက်ပြီး အဆိုပြုချက် အမှတ်(၃) ဖြစ်သည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေရန် တိုင်းရင်းဆေးပညာရှင်များအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေးဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆိုကို မကွေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ဇင်မာမြင့်က တင်သွင်းပြီး ရှမ်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးမြင့်ခိုင်က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အဆိုပြုချက် အမှတ်(၄)ဖြစ်သည့် တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် အဆိုကို ပဲခူးတိုင်းဒေသကြီးမှ ညီလာခံ ကိုယ်စားလှယ် ဦးသူရလင်းက တင်သွင်းပြီး မွန်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးဇော်မိုးထွေးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့သော ဂုဏ်ပြုမိန့်ခွန်းနှင့် (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ညီလာခံအဖွင့်မိန့်ခွန်းပါ မိန့်ကြားချက်များကို မှတ်တမ်းတင်ပြီး လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူဆောင်ရွက်သွားရန်နှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် တင်သွင်းသည့် အဆိုပြုချက်များနှင့် ပတ်သက်၍ အစည်းအဝေး၏ ဆန္ဒသဘောထားရယူပြီး အဆိုများအား အတည်ပြု မှတ်တမ်းတင်သည်။

ယနေ့ ညီလာခံတွင် တင်သွင်းသည့် အဆို(၄) ခုမှာ ယမန်နေ့ ညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် တင်သွင်းလာသည့် အဆိုများအနက်မှ ညီလာခံကိုယ်စားလှယ်များက ရွေးချယ်ထားခြင်းဖြစ်သည်။ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှ တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးအား သွားရောက်၍ ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းဆေးပညာရှင်တွေက ပြည်သူလူထုတွေကို တိုင်းရင်းဆေးပညာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးတာတွေ၊ အသိပညာပေးတာတွေကို ပိုမိုပြီးထဲထဲဝင်ဝင် ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်

ဒေါ်စုစုဒွေး (ညွှန်ကြားရေးမှူးချုပ်)



ဒေါ်စုစုဒွေး (ညွှန်ကြားရေးမှူးချုပ်)



ဒေါ်ကေသီမာ (ဒုတိယပါမောက္ခ)



ဦးစိန်လွင်



မနော်ဟေဇလ်ညီညီထွန်း

နေပြည်တော် ဒီဇင်ဘာ ၂၁

**တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းပြည်ပရှိ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်မားသည့် အစွမ်းထက် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန်၊ ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးရန်နှင့် ပြည်သူလူထု၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးရန်ရည်ရွယ်၍ (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအခမ်းအနားကို ယနေ့ဒီဇင်ဘာ (၂၁) ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပခဲ့သည်။**

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန မှ တာဝန်ရှိသူ၊ တိုင်းရင်းဆေးထုတ်လုပ်သူ၊ စာတမ်းဖတ်ကြားသူနှင့် မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်မှ ကျောင်းသူတို့၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။

**ဒေါ်စုစုဒွေး**
**(ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန)**

အခုကျင်းပတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကတော့ (၂၂) ကြိမ်မြောက် ဖြစ်ပါတယ်။ ဒီညီလာခံကို ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ တိုင်းရင်းဆေးပညာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ တိုင်းရင်းဆေးပညာဦးစီးဌာနနဲ့ ပြည်တွင်း၊ ပြည်ပ နှီးနွှယ်ပညာရှင်တွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်မားတဲ့ အစွမ်းထက် တိုင်းရင်းဆေးဝါးအသစ်တွေပေါ်ထွက်လာစေဖို့၊ တိုင်းရင်းဆေးပညာရှင်တွေက ပြည်သူလူတွေရဲ့ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ဖို့အတွက် အရည်အသွေးပြည့်ဝတဲ့ တိုင်းရင်းဆေးပညာရှင်တွေ ဖြစ်လာအောင် ပြုစုလေ့ကျင့်သင်ကြားပေးဖို့နဲ့ ပြည်သူလူထုတွေကို တိုင်းရင်းဆေးပညာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးတာတွေ၊ အသိပညာပေးတာတွေကို ပိုမိုပြီး ထဲထဲဝင်ဝင် ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ညီလာခံမှာ အဆိုပြုချက် ၄ ချက်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့အညီ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့အတူ တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာအသင်း၊ တိုင်းရင်းဆေးအကြံပေးအဖွဲ့၊ တိုင်းရင်းဆေး လုပ်ငန်းရှင်များအသင်း၊ တိုင်းရင်းဆေးတက္ကသိုလ်တို့နဲ့ ပူးပေါင်းပြီး တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ညီလာခံက တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တာဖြစ်တယ်။ နှီးနှောဖလှယ်ပွဲမှာ တိုင်းရင်းဆေးရဲ့ ရိုးရာအမွေအနှစ်တွေကို ဆက်လက်ထိန်းသိမ်းဖို့ဖြစ်ပြီး တိုင်းရင်းဆေးတွေကို တိုင်းရင်းဆေးရဲ့ ရိုးရာအမွေမပျောက်ဘဲ ပိုမိုအရည်အသွေးကောင်းအောင်လုပ်ဖို့ ဖော်ထုတ်တင်ပြသွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာတိုင်းရင်းဆေးပညာတွေနဲ့ ရှေးစဉ်ဆက် မိရိုးဖလာသုံးစွဲခဲ့တဲ့ ဆေးနည်းတွေကို နှီးနှောဖလှယ်ပွဲမှာ တင်ပြပြီး ရိုးရာအမွေကို ဆက်လက်ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ နှီးနှောဖလှယ်ပွဲကနေ ရိုးရာအမွေကို ထိန်းသိမ်းပြီးရလာတဲ့ တိုင်းရင်းဆေးတွေကို အစွမ်းထက်မှုရှိလား၊ ဘယ်လိုရောဂါတွေကို ကုသလို့ရသလဲဆိုတာ တိုင်းရင်းဆေးပညာဦးစီးဌာနနဲ့ တိုင်းရင်းဆေးတက္ကသိုလ်ကနေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ (၂၁) ကြိမ်မြောက် ကျင်းပခဲ့တဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲမှာ ပတ္တမြားသွေးဆေးနီ တင်ပြခဲ့တာရှိပါတယ်။ ဒီဆေးကို သုတေသနဆောင်ရွက်တဲ့အခါမှာ တကယ်သုံးစွဲလို့ကောင်းတဲ့ဆေးဆိုတာ တွေ့ရှိခဲ့ပါတယ်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပတဲ့အခါမှာ တိုင်းရင်းဆေးရဲ့ ရိုးရာအမွေအနှစ်တွေကို ဖော်ထုတ်ရရှိသလို တိုင်းရင်းဆေး ပညာရှင်ကြီးတွေနဲ့ တွေ့ဆုံခွင့်ရပြီးဌာနအတွက် အကြံဉာဏ်ကောင်းတွေလည်းရရှိတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါတယ်။

**ဒေါ်ကေသီမာ (ဒုတိယပါမောက္ခ၊ ကလေးရောဂါပညာဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်)**

ကျွန်မအနေနဲ့ တင်ပြသွားမယ့် စာတမ်းခေါင်းစဉ်က သတ္တုအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြစ်ပါတယ်။ သတ္တုလို့ပြောတဲ့အတွက် ကြေးသတ္တု၊ သံသတ္တုအကြောင်း မဟုတ်ပါဘူး။ အပင်ထွက်ပစ္စည်းတွေရဲ့ သတ္တုအကြောင်းဖြစ်ပါတယ်။ သတ္တုအကြောင်း သိကောင်းစရာ စာတမ်းခေါင်းစဉ်နဲ့ တင်ပြရတဲ့ရယ်ရွယ်ချက်က အပင်ထွက်ပစ္စည်းတွေရဲ့ သတ္တုတွေကို သိရှိစေဖို့၊ သတ္တုပြုလုပ်ပုံကို သိရှိစေဖို့၊ သတ္တုရဲ့အရသာတွေကို သိရှိစေဖို့နဲ့ အသုံးပြုရမယ့် ရောဂါတွေအကြောင်းကို သိရှိစေဖို့ ဖြစ်ပါတယ်။ အပင်မှာရှိတဲ့ အဆီအနှစ်တွေကို ထုတ်ယူတာကို သတ္တုလို့ခေါ်ပါတယ်။ အရည်သတ္တု၊ အဖတ်သတ္တု၊ ဆားသတ္တုနဲ့ ဓာတ်သတ္တုဆိုပြီး သတ္တုလေးမျိုးရှိပါတယ်။ အဲဒီထဲကမှ ဆားသတ္တုတစ်ခုဖြစ်တဲ့ ရုက္ခမူဆားသတ္တုကို ဆီးလမ်းကြောင်းနဲ့ အစာအိမ်အချဉ်ပေါက်ရောဂါတွေမှာ အသုံးပြုပါတယ်။ အခုစာတမ်းတင်သွင်းထားတာက ရုက္ခမူဆားသတ္တုကို အစာအိမ်အချဉ်ပေါက်ရောဂါ ကုသရာမှာ အာနိသင်ရှိကြောင်း တင်ထားတာပါ။ တောကြက်မောက်ဆူးပြန်ဆား၊ ထန်းနို့ဆား၊ ဟင်းနုနွယ် ဆူးပေါက်ဆားနဲ့ ကန့်ဂလာဆားကို ရုက္ခမူဆားသတ္တုချက်ပြီး ပျားရည်၊ သံပရာရည်တို့နဲ့ ရောပြီးတိုက်ရင် အစာအိမ်အချဉ်ပေါက်ရောဂါ ပျောက်ကင်းပါတယ်။ ရုက္ခမူဆားသတ္တု ကိုကိုယ်ဝန်ဆောင်မိခင်၊ သွေးအားနည်းတဲ့ရောဂါ၊ လေပူပန်းနှင့် သလိပ်ပန်းရောဂါတွေကို ကုသနိုင်ပြီး နှလုံးရောဂါရှိတဲ့သူတွေကတော့ အသုံးပြုလို့မရပါဘူး။

**ဦးစိန်လွင်**
**(ရွှေရောင်စဉ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

ကျွန်တော်က တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေး ပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်တာပါ။ ရွှေရောင်စဉ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ထုတ်တဲ့ဆေးတွေကို ပြခန်းအဖြစ် ခင်းကျင်းပြသတာ ဒီနှစ်နဲ့ဆို နှစ်ကြိမ်ရှိပါပြီ။ ပြခန်းမှာ ရွှေရောင်စဉ်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးက ထုတ်တဲ့အပူငြိမ်းသွေးဆေး၊ ဝမ်းမှန်ဆေး၊ ရှုလိမ်းဆေး၊ ပရုတ်ဆီနဲ့ ဆေးမြစ်စုံ ဒဏ်ကျေလိမ်းဆေးဆိုပြီး ဆေးငါးမျိုးကို ခင်းကျင်းပြသထားပါတယ်။ ဆေးငါးမျိုးထဲကမှ ဆေးမြစ်စုံ ဒဏ်ကျေလိမ်းဆေးဆိုရင် တောင်တန်ကြီ၊ သက်ရင်းကြီးမြစ်၊ ပရုတ်၊ နလင်ကျော်၊ တောရှောက်မြစ်၊ ထင်းရှူးတုံး၊ ရင်းပြား၊ နံ့သာနီ၊ မိဿလင် စတဲ့ဆေးတွေကို အချိုးကျကျ ဖော်စပ်ထားတဲ့အတွက် အာနိသင်ကောင်းပြီး အနံ့ကလည်း နံ့သာအနံ့သင်းပျံ့စေပါတယ်။ ဒီဆေးကို အသုံးပြုတဲ့သူအတွက် ရောဂါပျောက်ကင်းပြီး ခံစားမှုကိုလည်း ကောင်းစေပါတယ်။ ရွှေရောင်စဉ်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးက ထုတ်တဲ့ဆေးတွေထဲမှာ ဆေးမြစ်စုံဒဏ်ကျေလိမ်းဆေးဟာဆိုရင် အခုဈေးကွက်ထဲမှာ ရောင်းအားအကောင်းဆုံး ဖြစ်ပါတယ်။

တိုင်းရင်းဆေးက ပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် အဓိကအခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ ဆေးနယ်ပယ်မှာဆိုရင် တိုင်းရင်းဆေးကို ၈၅ ရာခိုင်နှုန်းလောက် လူတွေအသုံးပြုတယ်လို့ မှတ်တမ်းများအရ သိရပါတယ်။ ညီလာခံကျင်းပတဲ့အတွက် ရှေးရိုးသမားစဉ် ဆေးနည်းတွေနဲ့ စာတမ်းတွေကနေ အလားအလာကောင်းတဲ့ တိုင်းရင်းဆေးတွေ ပေါ်ထွက်လာပြီး တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ပြောချင်ပါတယ်။ ဆေးဝါးထုပ်ပိုးမှုအပိုင်းမှာ သာမန်အားဖြင့် ဆေးတော်တော်များများက ရှေးနည်းအတိုင်းပဲ သမားရိုးကျ လုပ်ကြတယ်။ ကျွန်တော်တို့က နောက်ပိုင်းမှ ထုတ်လုပ်တဲ့ လုပ်ငန်းရှင်ဖြစ်တာကြောင့် ထုပ်ပိုးမှုအပိုင်းကို နိုင်ငံတကာကိုလေ့လာတယ်။ ဆေးတွေကို နိုင်ငံတကာကို ထိုးဖောက်ပြီး ရောင်းချလို့ရအောင် ဆေးအညွှန်းတွေကို မြန်မာလိုရော အင်္ဂလိပ်လိုပါ သေချာရိုက်နှိပ်ပြီး ထုပ်ပိုးမှုအပိုင်းကို ခေတ်မီအောင် ထုတ်လုပ်ထားပါတယ်။ အခမ်းအနားမှာ နိုင်ငံတော်ဝန်ကြီးချုပ် Video Message မိန့်ခွန်းထဲမှာ ပြောကြားသွားတဲ့ ဝိသမဆေးဆိုရင် ဟိုအရင်ကတည်းက ရှိနေတဲ့ တိုင်းရင်းဆေးကို ဖော်ထုတ်ပြီး ကိုဗစ်-၁၉ ရောဂါကို ပျောက်ကင်းအောင် ကုသလို့ရတဲ့ဆေးဆိုတာ သိရတယ်။

**မနော်ဟေဇလ်ညီညီထွန်း (ဒုတိယနှစ်၊ မန္တလေး မြန်မာ့တိုင်းရင်းဆေးတက္ကသိုလ်)**

ဒီနေ့ကျင်းပတဲ့ပွဲကို လေ့လာသူကိုယ်စားလှယ်တစ်ဦးအနေနဲ့ လာရောက်လေ့လာတာပါ။ လေ့လာတဲ့အခါ နာမည်ကြီး တိုင်းရင်းဆေးဝါးတွေရဲ့ ထုတ်လုပ်ပုံနဲ့ တိုင်းရင်းဆေး ရှေးသုံးနည်းအစဉ်အလာတွေကို တွေ့ရပါတယ်။ တိုင်းရင်းဆေး ပညာရှင်ကြီးတွေနဲ့လည်း ညီလာခံမှာ မိသားစုတွေလို တွေ့ဆုံခွင့်ရတယ်။ အခုလိုလာရောက်လေ့လာပြီး ရရှိလာတဲ့ အတွေ့အကြုံတွေကို သူငယ်ချင်းတွေနဲ့ ကျောင်းမှာ ပြန်လည်ဝေမျှသွားမှာပါ။ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းထဲမှာ မြန်မာ့တိုင်းရင်းဆေးပညာကို အရင်ခေတ် အဆက်ဆက်ကတည်းက သုံးစွဲလာတဲ့အတိုင်း ရှေးမူမပျက်ဘဲ ဆက်လက်အသုံးပြုသွားဖို့နဲ့ မြန်မာ့တိုင်းရင်းဆေးနည်းတွေကို ပျောက်ပျက်မသွားအောင် ထိန်းသိမ်းသွားကြဖို့ သတိပေး ပြောကြားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ဟိန်းမင်းစိုး**
**ဓာတ်ပုံ-HMS**

---

## မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင်များရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၂၀၂၃ -၂၀၂၆ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပရာ ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌ ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် အသင်းသား အသင်းသူများ တက်ရောက်ကြသည်။ ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲတွင် အသင်းဝင်ပေါင်း ၅၀၀ ကျော် တက်ရောက်မဲပေးကြပြီး ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ ငါးဦး၊ အထွေထွေအတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး ငါးဦး၊ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင် စုစုပေါင်း ၈၃ ဦးတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲမှု နောက်တစ်ကြိမ်ပြုလုပ်ရန် အမေရိကန် နည်းလမ်းများဆက်လက်ရှာဖွေ

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အမေရိကန်သည် ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲမှု နောက်တစ်ကြိမ်ပြုလုပ်ရန်နှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးအတွက် နေ့စဉ်နှင့်အမျှ ကြိုးပမ်းလျက်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ပြောသည်။

နောက်တစ်ကြိမ် အပစ်အခတ်ရပ်စဲရန်နှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးတို့အတွက် အစ္စရေးကကြိုဆိုမည်မှာ သေချာကြောင်း ၎င်းကဆက်ပြောသည်။ သို့သော်လည်း ဟားမားစ်များဘက်မှ သဘောတူရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဟားမားစ်တို့သည် ပထမအကြိမ် အပစ်အခတ်ရပ်စဲပြီး ဓားစာခံများလွှတ်ပေးစဉ်က ၎င်းတို့၏ ကတိကဝတ်များအတိုင်း လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ ယခုတစ်ကြိမ်တွင်လည်း အပစ်အခတ်ရပ်စဲရေးအတွက် ကြိုးပမ်းမှုကို ဆန္ဒရှိမရှိ မေးခွန်းထုတ်ရမည်ဟု ၎င်းက ဆက်ပြောသည်။

ဂါဇာဒေသတွင် အစ္စရေးတို့၏ စစ်ရေးလှုပ်ရှားမှုများနှင့်ပတ်သက်၍လည်း ဟားမားစ်ခေါင်းဆောင်ပိုင်းနှင့် အရေးကြီးသည့်အရာများကို အဓိကပစ်မှတ်ထား၍ စစ်ဆင်ရေးများပြုလုပ်ရန် အမေရိကန်က မျှော်လင့်ထားကြောင်း၊ ယင်းကဲ့သို့ ဖြစ်လာပါက အရပ်သားများ ထိခိုက်နာကျင်မှု သိသိသာသာ လျော့ကျသွားမည်ဟု ယူဆကြောင်း ၎င်းက ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်။

## အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ ၂၈ ဦး လိုက်ပါလာသည့်စက်လှေ ပျောက်ဆုံး

**ဂျကာတာ ဒီဇင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း အနောက် ဆူလာဝေစီပြည်နယ် မာမူဂျူကမ်းလွန်တွင် ဒီဇင်ဘာ ၂၀ ရက်က ပျောက်ဆုံးခဲ့သည့် လူ ၂၈ ဦးထက်မနည်း လိုက်ပါလာသည့်စက်လှေကို ကယ်ဆယ်ရေးသမားများက ရှာဖွေနေကြောင်း အရာရှိတစ်ဦးက ပြည်တွင်းမီဒီယာများကို ဒီဇင်ဘာ ၂၁ ရက်တွင် ပြောသည်။

မင်္ဂလာဆောင် ဧည့်သည် ၂၈ ဦးကို တင်ဆောင်လာသည့် စက်လှေမှာ အမ်ဘိုကျွန်းရေပြင်တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ခြင်းဖြစ်သည်ဟု မာမူဂျူဒေသရှာဖွေရေးနှင့်ကယ်ဆယ်ရေး အကြီးအကဲဖြစ်သူ မူဟာမက် ရီဇယ်က ပြောသည်။



လူ ၂၈ ဦးထက်မနည်း လိုက်ပါလာသည့် ပျောက်ဆုံးစက်လှေကို ကယ်ဆယ်ရေးသမားများက ရှာဖွေနေစဉ်။

ဒီဇင်ဘာ ၂၀ ရက်ညပိုင်းတွင် စက်လှေပျောက်ဆုံးသွားကြောင်း သတင်းပို့မှုရရှိခဲ့သည်ဟု ၎င်းက ပြောသည်။ အဆိုပါ စက်လှေမှာ အမ်ဘိုကျွန်းမှ နံနက် ၁၀ နာရီ ဝန်းကျင်တွင် ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ဆူမာရီဆိပ်ကမ်းသို့ ညနေ၄နာရီတွင် ရောက်ရှိလာမည်ဟု ခန့်မှန်းခဲ့ကြသည်။

စက်လှေဆိုက်ရောက်ရမည့် အချိန်ထိ ရောက်ရှိလာခဲ့ခြင်းမရှိကြောင်း၊ ထို့ကြောင့် ကယ်ဆယ်ရေးလှေနှင့် ကယ်ဆယ်ရေးအဖွဲ့ကို စေလွှတ်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပင်လယ်ရေကြောင်းသွားလာစဉ် မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ**

## တိုကျိုတွင် ကလေးသူငယ်များကြား ကူးစက်ရောဂါအသစ်တစ်ခုဖြစ်ပွား

**တိုကျို ဒီဇင်ဘာ ၂၁**

တိုကျိုကျန်းမာရေးအာဏာပိုင်များသည်ကလေးသူငယ်များကြား ကူးစက် ဖြစ်ပွားလျက်ရှိသော ဗက်တီးရီးယား ကူးစက်ရောဂါနှင့်ပတ်သက်ပြီး သတိပေးထားသည်။ ထို့ပြင် ကျန်းမာရေးအာဏာပိုင်များသည် ပြည်သူများကို လက်ဆေးခြင်းနှင့် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းကဲ့သို့သော ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

ကျန်းမာရေးအာဏာပိုင်များသည် ဒီဇင်ဘာ ၂၁ ရက်က လည်ချောင်းနာ ရောဂါအတွက် သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ၁၉၉၉ ခုနှစ် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး ဥပဒေစတင်အသက်ဝင်ချိန်မှ စကာ ပထမဆုံးအချိန်အဖြစ် သတိပေးနှိုးဆော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါရောဂါသည် ရုတ်တရက် ဖျားနာခြင်းနှင့် လည်ချောင်းနာခြင်းကို ဖြစ်စေသည်။ ရောဂါကူးစက်ဖြစ်ပွားပြီးနောက် ရက်အနည်းငယ်အကြာတွင် အဆိုပါရောဂါလက္ခဏာများ ဖြစ်ပွားမည်ဖြစ်သည်။



တနင်္ဂနွေနေ့အထိ ရက်သတ္တပတ်အတွင်း မြို့တော်တိုကျိုတွင် ရောဂါကူးစက်ဖြစ်ပွားမှုအရေအတွက် တိုးမြင့်လာသည်။

တခြား ကူးစက်ရောဂါများလည်း တိုကျိုတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည်။

လည်ချောင်းနာဖျားနာ ကူးစက်ရောဂါဖြစ်ပွားသူ အရေအတွက် သတိပေးထားသည့် ပမာဏထက် ပိုမို မြင့်တက်လာဖွယ်ရှိသည်။ ရောဂါကူးစက်ခြင်းခံရပါက အဖျားပြင်းထန်ခြင်း၊ လည်ချောင်းနာခြင်းနှင့် မျက်စိရောင်ရမ်းခြင်းတို့ ဖြစ်ပွားနိုင်ပြီး အထူးသဖြင့် ကလေးငယ်များတွင် ကူးစက်ဖြစ်ပွားလျက်ရှိသည်။

ထို့ပြင် တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသူများသည်လည်း ယခင်သီတင်းပတ်ထက် အနည်းငယ် မြင့်တက်လာသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုသည်လည်း လေးပတ်ဆက်တိုက် တိုးလာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## လက်ဘနွန်နိုင်ငံ၏ ပညာရေးကဏ္ဍကို အီးယူမှ ယူရို သန်း ၄၀ ထောက်ပံ့

**ဘေရွတ် ဒီဇင်ဘာ ၂၁**

လက်ဘနွန်နိုင်ငံတွင် ထိခိုက်ခံစားရသည့်ကလေးငယ်များ တန်းတူညီမျှသည့် ပညာသင်ကြားမှုရရှိစေရေးအတွက် ဒီဇင်ဘာ ၂၀ ရက်တွင် ဥရောပသမဂ္ဂ (အီးယူ )မှ လက်ဘနွန်နိုင်ငံ၏ ပညာရေးကဏ္ဍအတွက် ယူရိုသန်း ၄၀ ထောက်ပံ့လိုက်ကြောင်း သိရသည်။

ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာကလေးများ အရေးပေါ် ရန်ပုံငွေအဖွဲ့၏ အကောင်အထည်ဖော်မှုဖြင့် ယခုလို ထောက်ပံ့မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ကူညီထောက်ပံ့မှုဖြင့် အသက် ၃ နှစ်မှ ၁၈ နှစ်အကြား ကလေးများမှာ ကျောင်းပညာရေးအတွက် အတားအဆီးမရှိဘဲ ကျောင်းအပ်နိုင်မည်ဖြစ်သည်ဟု လက်ဘနွန်နိုင်ငံဆိုင်ရာ အီးယူကိုယ်စားလှယ်၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ဘနွန်နိုင်ငံသည် ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများနှင့် ကြုံတွေ့နေရပြီး ဒေသတွင်းငွေကြေးကျဆင်းပြိုလဲမှုနှင့်လည်း ကြုံတွေ့နေရသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ လှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူ ၂၂ ဦးအထိ ရှိလာ

**ပေကျင်း ဒီဇင်ဘာ ၂၁**

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချင်ဟိုင်းပြည်နယ်၌ တနင်္လာနေ့ သန်းခေါင်ယံ၌ ပြင်းအား ၆ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ရာ လူ ၂၂ ဦး သေဆုံးခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

ငလျင်လှုပ်ခဲ့သောကြောင့် ချင်ဟိုင်းတွင် လူပေါင်း ၁၉၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁၂ ဦးပျောက်ဆုံးခဲ့ကြောင်း ပြည်နယ်အရေးပေါ်စီမံခန့်ခွဲရေးဌာနက ပြောကြားခဲ့သည်။

တရုတ်ငလျင်ကွန်ရက်ဌာန၏ ပြောကြားချက်အရ ငလျင်သည် တနင်္လာနေ့ ည ၁၁ နာရီ ၅၉ မိနစ်တွင် လှုပ်ခဲ့ကြောင်း သိရပြီး မြေအောက် ၁၀ ကီလိုမီတာအနက်တွင်လှုပ်ခဲ့ခြင်းဖြစ်သည်။ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းအထိ အိမ်နီးချင်း ဂန်ဆုပြည်နယ်တွင် ငလျင်လှုပ်မှုကြောင့် ၁၁၃ ဦး သေဆုံးခဲ့သည်။ **ဆင်ဟွာ**

## မက္ကဆီကိုနိုင်ငံ၌ ဟာရီကိန်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ၅၂ ဦးသေဆုံး

**မက္ကဆီကို ဒီဇင်ဘာ ၂၁**

မက္ကဆီကိုနိုင်ငံတွင် ဟာရီကိန်း အော်တစ်ကြောင့် ၅၂ ဦးသေဆုံးခဲ့ပြီး ၃၂ ဦးပျောက်ဆုံးခဲ့ကြောင်း ဂူရီယိုပြည်နယ်အုပ်ချုပ်ရေးမှူးက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောကြားလိုက်သည်။ ပြင်းအား ၅ အဆင့်ရှိ ဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုတောင်ပိုင်း ပစိဖိတ်ကမ်းရိုးတန်းကို နိုဝင်ဘာ ၂၅ ရက်က ဝင်ရောက်ခဲ့သောကြောင့် ဟိုတယ်များနှင့် နေအိမ်များ ပျက်စီးခဲ့သည်။ အကာပယ်ကောဒေသတွင် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက နာမည်ကျော်ကမ်းခြေအပန်းဖြေစခန်းလည်း နှစ်လနီးပါးအကြာတွင် ပြန်လည်စည်ကားလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မက္ကဆီကိုသမ္မတ အန်းဒရက်မန်နျူရယ်လိုပက်စ်အိုပရာဒေါက သတင်းစာရှင်းလင်းပွဲတွင် အကာပယ်ကောဒေသ ပြန်လည်မွေးဖွားလာခြင်းနှင့် အိမ်နီးချင်း ကိုယာဂါဒီဘန်နီတက်ဇ်ဒေသ ပြန်လည်စည်ကားလာခြင်းကို တွေ့မြင်ရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ**

✪ *ကျောဖုံးမှ*

တစ်ဆင့်ပြန်လည်ရောင်းချမှုများနှင့် တရားမဝင် သိုလှောင်ရောင်းချခြင်းများနှင့် ဆီတင်ယာဉ်ဖြင့် တရားမဝင်သယ်ယူပို့ဆောင်ခြင်းများအား တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များ ပါဝင်သော ဌာနဆိုင်ရာပူးပေါင်းဖွဲ့များဖြင့် စစ်ဆေးဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ၅-၁၀-၂၀၂၃ ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီးရန်လင်းအောင်ကားဂိတ်တွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင်ချက်ဆီ ၄၅ ဂါလန်ဆံ့ ပီပါ ၈၄ လုံး ဂါလန် ၃၇၈၀ ခန့်အားလည်းကောင်း၊ ၈-၁၀-၂၀၂၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အတွင်း မော်တော်ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင်ချက်ဆီ ၃၅ ဂါလန်ဆံ့ ပီပါ ၆၅ လုံး ၂၂၇၅ ဂါလန်ခန့်အားလည်းကောင်း၊ ၂၄-၁၀-၂၀၂၃ ရက်နေ့တွင် မုံရွာမြို့ ကမ်းနားလမ်းဘေးရှိ ရပ်ကွက်ရုံးရှေ့ရှိ သုံးဘီးဆိုင်ကယ် နှစ်စီးပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင်ချက်ဆီ ၄၅ ဂါလန်ဆံ့ ပီပါ ၈၄ လုံး ဂါလန် ၃၇၈၀ ခန့်အားလည်းကောင်း၊ ၁-၁၁-၂၀၂၃ ရက်နေ့တွင် မုံရွာမြို့၊ မန်းကျည်းပင်ဈေး ကျောက္ကာလမ်းပေါ်တွင် သုံးဘီးဆိုင်ကယ် တစ်စီးပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင် ချက်ဆီ ၃၅ ဂါလန် ဆံ့ ပီပါ ၁၄လုံး ဂါလန် ၄၉၀ ခန့်အားလည်းကောင်း၊ ၃၀-၁၁-၂၀၂၃ ရက်နေ့တွင် မုံရွာမြို့ ကွေ့ကြီးရပ်ကွက် ကမ်းနားလမ်းတွင် ပိုင်ရှင်မဲ့ ချက်ဆီပီပါ အလုံး ၂၀ ဂါလန် ၇၀၀ ခန့်အားလည်းကောင်း၊ ၁၂-၁၂-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မန္တလေး-စဉ့်ကူးလမ်းပိုင်း မိုင်တိုင်အမှတ်၄၅/၃ တွင် စက်သုံးဆီ တရားမဝင်သယ်ဆောင်လာသည့် ဆီတင်ယာဉ် Bowser လေးစီးအား စက်သုံးဆီ ၃၆၈၇၇ ဂါလန်ဖြင့် လည်းကောင်း၊ ၁၃-၁၂-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်တံတားအနီးတွင် တရားမဝင်ချက်ဆီ ဂါလန် ၆၀၀၀ သယ်ဆောင်လာသည့် ဆီသယ်ယာဉ်တစ်စီးအားလည်းကောင်း၊ ၁၄-၁၂-၂၀၂၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ မိုင်တိုင်အမှတ် ၃၅၈ မိုင်၊ ၄ ဖာလုံရှိ ခြံဝင်းအတွင်း၌ တရားမဝင်မြေအောက်သိုလှောင်ကန်ဖြင့် သိုလှောင်ထားသည့် စက်သုံးဆီ ၃၃၈၆ ဂါလန်အားလည်းကောင်း၊ ၁၄-၁၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် Denko စက်သုံးဆီ အရောင်းဆိုင်တွင် နှစ်ကြိမ် တန်းစီဝယ်ယူသည့် မော်တော်ယာဉ်တစ်စီးအား ယာဉ်၏နောက်ခန်းတွင် မောင်းဆီတိုင်ကီနှင့် ပိုက်သွယ်တန်းထားသော ဂါလန် ၁၅၀ ဆံ့ ပလတ်စတစ်ပီပါ တစ်လုံး၊ ဂါလန် ၅၀ ဆံ့ သံပီပါ ခြောက်လုံး၊ ပလတ်စတစ်ပီပါ တစ်လုံးဖြင့်လည်းကောင်း၊ ၁၅-၁၂-၂၀၂၃ ရက်နေ့တွင် သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် ရောဝဏ်လမ်းကျောက်တိုင် မှတ်တိုင်အနီးတွင် အရောင်းဆိုင်များမှ တန်းစီဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချနေသည့် မော်တော်ယာဉ်တစ်စီးနှင့် ၎င်းယာဉ်ပေါ်တွင် ပါရှိသည့် တစ်ပီပါလျှင် ဂါလန် ၅၀ ဆံ့ ဒီဇယ်ဆီပီပါ ၁၀ လုံးအား လည်းကောင်း၊ ၁၆-၁၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်ကျောက်တန်းမြို့နယ်၊ ဒဂုံ-သီလဝါ လမ်းမကြီးဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ တရားမဝင်သိုလှောင်ထားရှိသည့် စက်သုံးဆီ ၄၈ ဂါလန်ဆံ့ သံပီပါ သုံးလုံး၊ ပါဝါဆီ အဖြူ ဂါလန် ၃၀ ပါ သံပီပါ တစ်လုံး၊ ပါဝါဆီအဝါ ၁၅ ဂါလန် ပါ သံပီပါ တစ်လုံး၊ စက်ဆီ၊ချောဆီ ၄၈ ဂါလန်ဆံ့ သံပီပါ နှစ်လုံး၊ ဆီမဲအပျက် ၄၅ ဂါလန်ပါ သံပီပါ နှစ်လုံးနှင့် ၁၅ ဂါလန်ပါ သံပီပါ တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ၁၈-၁၂-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး မျိုးမြင့် ဦးစီးအဖွဲ့သည် မှော်ဘီမြို့နယ် လိပ်ပုတ်ကျေးရွာရှိ ခြံတစ်ခြံတွင် တရားမဝင် စက်သုံးဆီ သိုလှောင် ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ ဂါလန် ၈၀၀ ဆံ့ သိုလှောင်ကန် ၁၄ ကန်နှင့် ဒီဇယ်ဆီ ဂါလန် ၇၂၀၊ ဂါလန် ၈၀၀ ဆံ့ အဖြူရောင် Bowser အခွံ နှစ်စီး၊ ဂါလန် ၈၀၀ ဆံ့ ဆီ Bowser ပုံစံဆီတိုင်ကီ အခွံ နှစ်လုံးတို့အား ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိပြီး ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာ ခြံအမှတ် (၅၆၀) အတွင်းမှ ဆီ Bowser ပုံစံ (ဆလင်ဒါသံကန်) ဆီသိုလှောင်ကန် ၁၁ ကန်နှင့် ဒီဇယ်ဆီ ၆၈၅၇ ဂါလန်၊ 92 Ron ဂါလန် ၂၇၅၀ ပါသည့် ပီပါ ၅၅ လုံးနှင့် ပီပါအခွံ ၁၆ လုံး၊ ဒီဇယ်ဆီ ဂါလန် ၁၃၇၀ ပါရှိသည့် Hyundai အမျိုးအစား အဖြူရောင် ဆီသယ်ယာဉ် Bowser တစ်စီးနှင့် Isuzu အမျိုးအစား အဖြူရောင် ဆီသယ်ယာဉ် Bowser တစ်စီးတို့အား လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၀-၁၂-၂၀၂၃ ရက်နေ့မှ ၁၅-၁၂-၂၀၂၃ ရက်နေ့ထိ တရားမဝင်စက်သုံးဆီရောင်းချမှု ၁၇ မှု ဖမ်းဆီးရမိပြီး စက်သုံးဆီ ၇၁၉ ဂါလန်ခန့်နှင့် ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီတွင် ၁၀-၁၂-၂၀၂၃ ရက်နေ့မှ ၁၄-၁၂-၂၀၂၃ ရက်နေ့ထိ တရားမဝင် စက်သုံးဆီရောင်းချမှု (၈) မှု ဖမ်းဆီးရမိပြီး စက်သုံးဆီ ဂါလန် ၁၀၀ ခန့်နှင့် ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးရမိခဲ့ရာ စုစုပေါင်းတရား မဝင်စက်သုံးဆီ ၆၉၉၀၉ ဂါလန်ခန့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅ သန်းကျော်)၊ စက်သုံးဆီသယ်ယူ ပို့ဆောင်ရာတွင် အသုံးပြုသည့် ဆီတင်ယာဉ် (Bowser) ၁၁ စီးနှင့် တရားမဝင် လိုင်စင်မဲ့ စက်သုံးဆီ သိုလှောင်ကန်များ အပါအဝင် ဖြန့်ဖြူးရောင်းချရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



၁၄-၁၂-၂၀၂၃ ရက်နေ့ ၁၆:၂၅ နာရီတွင် ဒုတိယစစ်ဆေးရေး အရာရှိချုပ် (အထက်မြန်မာပြည်) ဦးစီးသော ပူးပေါင်းအဖွဲ့က မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ မိုင်တိုင်အမှတ် ၃၅၈ မိုင် ၄ ဖာလုံရှိ ဦးရဲမင်းထွန်း ပိုင်ဆိုင်သော တရားမဝင်စက်သုံးဆီခြံအား ဝင်ရောက်စစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီး မြို့နယ်အချို့ရှိ စက်သုံးဆီအရောင်းဆိုင် ၁၆ သည် စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်း၊ ခွင့်ပြုချက်မရဘဲ ဆီသယ်ယာဉ် (Bowser) ဖြင့် အခြားနေရာများသို့ သယ်ယူပို့ဆောင်ခြင်း၊ သတ်မှတ်ရည်ညွှန်းဈေးထက် ပိုမိုရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဌာနဆိုင်ရာ တာဝန်ရှိသူများက စိစစ်တွေ့ရှိရသဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ စီမံခန့်ခွဲရေး နည်းလမ်းအရ သတ်မှတ်ဒဏ်ကြေးတပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းပြီး စက်သုံးဆီအရောင်းဆိုင်ကို ယာယီပိတ်သိမ်းခြင်းများ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင် စက်သုံးဆီသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချမှုများ ပပျောက်စေရန်အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းဖွဲ့များဖြင့် စစ်ဆေးဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် တရားမဝင် စက်သုံးဆီ သိုလှောင်သယ်ယူဖြန့်ဖြူး ရောင်းချမှုများနှင့်ပတ်သက်၍ သတင်းရရှိပါက အဆိုပါအဖွဲ့များသို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မှော်ဘီမြို့နယ် လိပ်ပုတ်ကျေးရွာရှိခြံအတွင်းမှ တရားမဝင်စက်သုံးဆီ သိုလှောင်ကန်များနှင့် ဆီသယ်ယာဉ် ဖမ်းဆီးရမိမှု။

## အပူပိုင်းနှင့်သမပိုင်းသီးနှံများ၊ ရှောက်မျိုးနွယ်အုပ်စုဝင်သီးနှံများအရေးနှင့်ပတ်သက်၍ တရုတ်နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

အပူပိုင်းနှင့် သမပိုင်းသီးနှံများ၊ ရှောက်မျိုးနွယ်အုပ်စုဝင်သီးနှံများ အရေးနှင့်ပတ်သက်၍ တရုတ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့်အတွက် သီးနှံများ အထွက်ကောင်းစေရန် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံမှ Tropical and Subtropical Cash Crop Research Institute, Yunnan Academy of Agricultural Sciences နှင့် Myanmar Representative Office of the Chamber of Commerce of Dehong Prefecture ၊ မြန်မာနိုင်ငံမှ မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ဒီဇင်ဘာ ၁၈ ရက်က နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နားလည်မှုစာချွန်လွှာအရ ရှောက်မျိုးနွယ်အုပ်စုဝင် သီးနှံများ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပြီး ယင်းအပြင် အပူပိုင်းနှင့် သမပိုင်းသီးနှံများဖြစ်သည့် ကော်ဖီ၊ မက္ကဒေးမီးယား၊ ဟင်းသီးဟင်းရွက်၊ ငရုတ်အစရှိသည့်သီးနှံများကို ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် သင်တန်းများပေးခြင်း၊ လေ့လာရေး ခရီးစဉ်များ၊ သုတေသနလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်းလည်း သိရသည်။

"သူတို့ ဆီမှာက ရှောက်နွယ်အုပ်စုက တော်တော်ဖွံ့ဖြိုးတာလေ။ သူတို့ဆီက နည်းပညာတွေ ရမှာပေ့ါ။ သင်တန်းတွေအနေနဲ့က နှစ်ရှည်သင်တန်းတွေပေးဖို့ အစီအစဉ်တာတွေရှိတယ်။ အခု နှစ်ဦးသဘောတူလက်မှတ်ရေးထိုးတဲ့ အဆင့်ရှိတယ်။ အဓိကအနေနဲ့က သီးနှံအထွက်ကောင်းလာမယ်၊ ရောဂါခံနိုင်တဲ့မျိုးတွေကို စိုက်ပျိုးတာတွေဖြစ်လာမယ်။တောင်သူတွေအတွက် အများကြီးအကျိုးရှိလာမယ်" ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် မိမိတို့၏ အားနည်းချက်၊ အားသာချက်ကို လေ့လာနိုင်ပြီး အားသာချက်ကို ပိုမိုဆောင်ရွက်နိုင်ရန် အတွက်လည်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆိုသည်။

**MT**

## ဝါးခယ်မမြို့တွင်းရှိ ဌာနဆိုင်ရာရုံးများနှင့် လုပ်ငန်းရှင်များကိုသာ လျှပ်စစ်မီးပုံမှန်ပေးလျက်ရှိပြီး အခြားမြို့တွင်းရပ်ကွက်များကို အလှည့်ကျ မီးပေးနေကြောင်း သတင်းတု၊ သတင်းအမှားရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ဌာနဆိုင်ရာရုံးများ၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များကိုသာ လျှပ်စစ်မီးပုံမှန်ဖြန့်ဝေပေးပြီး အခြားမြို့တွင်း




ရပ်ကွက်များကို အလှည့်ကျ မီးပေးသည့်ပုံစံဖြင့် ပေးဝေလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို ပြည်ဖျက်မီဒီယာ Ayeyarwaddy Times က လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ **ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်းများ အပါအဝင် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုဆိုင်ရာ ရုံး၊ ဌာနများကို လျှပ်စစ်မီးပုံမှန် ပေးဝေလျက်ရှိပြီး အခြားနေရာများသို့လည်း အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိကြောင်းနှင့် မည်သည့် ပုဂ္ဂိုလ်၊ လုပ်ငန်းရှင်များကိုမှ ငွေကြေးတောင်းခံ၍ လျှပ်စစ်မီးပေးဝေနေခြင်း မရှိကြောင်း** ဝါးခယ်မမြို့နေ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ထိခိုက်စေရန်နှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အားပေးဝေမှုဆိုင်ရာ အဆောက်အဦများ၊ လျှပ်စစ်တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကြောင့် အချို့မြို့နယ်များတွင် လျှပ်စစ်ဓာတ်အား လျှော့နည်း၍ အလှည့်ကျပေးဝေနေရခြင်းအပေါ် တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မုန်းမြို့မဈေးအား တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တစ်ဈေးလုံး မီးလောင်ခဲ့သည်ဟု မဟုတ်မမှန် သတင်းအမှားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ရှိ မြို့မဈေးအတွင်းသို့ ဒီဇင်ဘာ ၂၀ ရက်နေ့ မွန်းလွဲပိုင်းတွင် တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဈေးတစ်ခုလုံး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ မုန်းမြို့ရှိ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းမှုနှင့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် ဈေးအတွင်းရှိ ဈေးဆိုင်ခန်းတစ်ခန်းမှ ဂက်စ်အိုးပေါက်ကွဲသဖြင့် ဈေးအတွင်းရှိ ဆိုင်ခန်းပေါင်း ၂၃၈ ခန်းရှိသည့်အနက် ၂၁၀ ခန်း မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထုနေထိုင်ရာ နေရာများသို့ မည်သည့်အခါမျှ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းမရှိခဲ့ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကြမ်းဖက်သောင်းကျန်းသူများ၏ ရန်မှ အစဉ်တစိုက် ကာကွယ်ပေးလျက်ရှိသည်။

ယခုဖြစ်စဉ်တွင်လည်း ဒေသခံပြည်သူများမှ တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်၊ ပြည်သူနှင့် တပ်မတော်ပူးပေါင်း၍ အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေး ဆောင်ရွက်နေမှုကို ထိခိုက်စေရန်အတွက် တပ်မတော်မှ ပစ်ခတ်သော လက်နက်ကြီးကျည်ကြောင့် မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မတ္တရာမြို့နယ်နှင့် ဝန်းသိုမြို့နယ်များမှ ကျေးရွာများအတွင်းရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့နေကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဒဂ်ါးကျွန်းရွာ၊ ဆူးလေကုန်းရွာ၊ ရွှေဘောင်ရွာ၊ ရွှေဘိုးကြီးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၀ ရက်တွင် ကျေးရွာရှိ နေအိမ်များကို မီးရှို့နေကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဝင်းကြီးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ပစ်ခတ်ဝင်ရောက်ပြီး ကျေးရွာရှိနေအိမ်များကို မီးရှို့နေကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ မတ္တရာမြို့နယ်နှင့် ဝန်းသိုမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး တာဝန်များ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းကျေးရွာများအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်ခဲ့ခြင်း၊ မီးရှို့ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထုနေထိုင်ရာ ကျေးရွာ၊ နေအိမ်များ ထိခိုက်ပျက်စီးစေမည့် လုပ်ရပ်များကို မည်သည့်အခါမျှ လုပ်ဆောင်ခြင်းမရှိခဲ့ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကြမ်းဖက်သောင်းကျန်းသူများ၏ရန်မှ အစဉ်တစိုက် ကာကွယ်ပေးလျက်ရှိသည်။







တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအကြား အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်လာစေရန် သတင်းတု၊ သတင်းအမှားများအား မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Thar Gyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံ ရပ်ကွက်နေ ကျော်ဇေယျ (ခ) ဖိုးသားအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ “Min Thway” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်သစ်ရပ်ကွက်နေ ဝေလင်းစိုး(ခ) ဝတုတ်အား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နွေစပါး ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ထုတ်လုပ်ခဲ့သည့် လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုအား သွားရောက်ကြည့်ရှုအားပေး



**ပဲခူး ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ လိုက်ပါလျက် ယမန်နေ့က ဒိုက်ဦးမြို့နယ်၌ နွေစပါး ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ထုတ်လုပ်ခဲ့သည့် လက်ဆွဲကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုအား သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်လေးပင်ခရိုင်နှင့် ပဲခူးခရိုင်တို့ရှိ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီးသည် စပါးနှင့် ပဲမျိုးစုံကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ သီးနှံစိုက်စွမ်းအား၊ သီးထပ်စွမ်းအားတိုးတက်စေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပြုစုစောင့်ရှောက်မှု သက်သာစေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် ယခု စိုက်ပျိုးပြသသွားမည့် လက်ဆွဲကောက်စိုက်စက်အပြင် ပဲမျိုးစုံ အစေ့ချစိုက်စက်များလည်း တီထွင်ဖန်တီး လျက်ရှိကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ကောင်းမွန်ပြည့်စုံစွာ ပေါ်ထွက်လာနိုင်ရေး နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်တွင်းဖြစ် AGRO FUTURE MYANMAR Co., Ltd မှ ထုတ်လုပ်လျက်ရှိသော လက်ဆွဲ ကောက်စိုက်စက်များဖြင့် တစ်ကွင်းတစ်ဆက်တည်း နွေစပါး ဧက ၅၀၀ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ဥဿာမြို့သစ် စုပေါင်းရုံးလမ်းရှိ AGRO FUTURE MYANMAR Co., Ltd ၏ လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိခဲ့ရာ တာဝန်ခံတစ်ဦးမှ လက်ဆွဲကောက်စိုက်စက် ထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ပြည်တွင်းထုတ် လက်ဆွဲ ကောက်စိုက်စက်သည် ပြည်ပနိုင်ငံထုတ် လက်ဆွဲကောက်စိုက်စက်များ၏ တည်ဆောက်ပုံကိုယူပြီး ပြန်လည်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## လာမည့်နှစ် ဆားရာသီတွင် မွန်ပြည်နယ်မှ ဆားတန်ချိန် ၄၇၀၀၀ ခန့် ထွက်ရန်မျှော်မှန်းထား

**ရန်ကုန် ဒီဇင်ဘာ ၂၁**

လာမည့်နှစ် ဆားရာသီတွင် မွန်ပြည်နယ်မှ ဆားတန်ချိန် ၄၇၀၀၀ ခန့် ထွက်ရန်မျှော်မှန်ထားကြောင်း သတ္တုတွင်းဦးစီးဌာန မွန် ပြည်နယ် ဆားလုပ်ငန်းဌာနခွဲမှ ဦးစီးမှူး ဦးခင်ဝင်းက ပြောကြားသည်။

အဆိုပါ အချက်အလက်မှာ ဒီဇင်ဘာလကုန်တွင် ဆားအသစ် စတင်ထွက်ရှိချိန်က အစပြုကာ ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် မေလကုန်အထိ ဆားရာသီတွင် ထွက်ရှိနိုင်မည့် စာရင်းကို ခန့်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီလကုန်လောက်ဆို ဆားအနည်းအကျဉ်း စထွက်ပါပြီ။ ဆားရာသီကတော့ ဒီဇင်ဘာလကနေစပြီး လေးလပိုင်း သင်္ကြန်မိုးရွာပြီး ခဏလောက်နားပြီးတော့ ဆက်ပြီးမရွာရင် ၅လပိုင်းကုန်မှ စာရင်းချုပ်တယ်။ ဒီနှစ်ကတော့ တန်ချိန် ၄၇၀၀၀ လောက်ထွက်ဖို့ မှန်းထားတယ်”ဟု ဆိုသည်။

မွန်ပြည်နယ်တွင် ပြီးခဲ့သည့် စက်တင်ဘာလက ဆားကြမ်း တစ်ပိဿာကို ငွေကျပ် ၁၇၀ နှင့် ၁၈၀ ဈေးရရှိခဲ့သော်လည်း ယခုဈေးနှုန်းအရ ဆားကြမ်းတစ်ပိဿာကို ငွေကျပ် ၁၄၀ ခန့် ကျဆင်းသွားကြောင်း ၎င်းက ဆိုသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ထွက်ရှိသောဆားကြမ်းနမူနာအနေဖြင့် တန် ၂၀ ပါရှိသော ကွန်တိန်နာတစ်လုံးကို ကနဦးဂျပန်နိုင်ငံသို့ စမ်းသပ်တင်ပို့ထားပြီး တောင်ကိုရီးယားနိုင်ငံသို့လည်း တန်ချိန် ၄၀ တင်ပို့ရန် ပြင်ဆင်နေကြောင်း ဦးခင်ဝင်းက ဆိုသည်။

“မွန်ပြည်နယ်က ဆားကွင်းအချို့ ထုတ်လုပ်မှုစရိတ် မြင့်မားလာပြီး ရပ်နားထားတာ မဟုတ်ပါဘူး။ ကျန်ခဲ့တဲ့နှစ်ကလည်း ၈၉ ကွင်း၊ ဒီနှစ်လည်း ကွင်း ၉၀ လောက် လိုင်စင်တင်ထားတာရှိပါတယ်။ စက်သုံးဆီစရိတ်မြင့်ပေမယ့် မရပ်ပါဘူး။ ဆီဈေးနှုန်းတွေတက်နေတယ်ဆိုပေမယ့် သူတို့နည်းသူတို့ဟန်နဲ့ အဆင်ပြေအောင်ကြိုးစားနေကြပါတယ်”ဟု ဆိုသည်။ **MT**

## PDF အမည်ခံအကြမ်းဖက်သမားများက လောင်းလုံးမြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့်ရမ်းသမ်းပစ်ခတ်သဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံး၊ ကလေးငယ် လေးဦးအပါအဝင် ရှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံးအား ယနေ့နံနက် ၉ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးပြီး ပြန်လည်ဆုတ်ခွာထွက်ပြေးသွားစဉ် မြို့ပြင်အရောက်၌ ရပ်ကွက်အတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးပြီး ကလေးငယ်လေးဦးအပါအဝင် အပြစ်မဲ့ပြည်သူ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံအကြမ်းဖက်သမားများသည် လောင်းလုံးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံးအား မီးရှို့ဖျက်ဆီးသွားပြီး ပြန်လည်ဆုတ်ခွာထွက်ပြေးသွားစဉ် လောင်းလုံးမြို့၏ အရှေ့တောင်ဘက် မီတာ ၁၁၀၀ ခန့်အကွာမှ လောင်းလုံးမြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ (ခ) ရပ်ကွက် အောင်ချမ်းသာဘုရားကြီးအနီးရှိ ဆောက်လုပ်ရေးကုမ္ပဏီမှ အလုပ်သမားတန်းလျားသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အဆိုပါအလုပ်သမားတန်းလျားတွင် နေထိုင်သည့် အပြစ်မဲ့ပြည်သူအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးကာ အပြစ်မဲ့ကလေးငယ် လေးဦးအပါအဝင် ရှစ်ဦး ဖုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက လောင်းလုံးမြို့မှ ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများ၏ လူမဆန်သော လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများအပေါ် ဒေသခံပြည်သူများအနေဖြင့် ရွံရှာမုန်းတီးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများက လောင်းလုံးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံးသို့ လာရောက်မီးရှို့ဖျက်ဆီးသွားခဲ့ပြီး လောင်းလုံးမြို့၊ (ခ)ရပ်ကွက်အတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

## မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၁၀ ဒသမ ၂၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ငွေကျပ် ၁၀ ဒသမ ၂၈ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)၊ စိတ်ကြွရူးသွပ်ဆေးပြားနှင့်ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် ၄၉ x ၅၀ လမ်းကြားရှိ အောင်ကျော်မိုး၊ မသီဂီဝင်းနှင့် မအေးသီတာတို့၏ နေအိမ်ကို သတင်းအရရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) ၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၅၀ နှင့် မော်တော်ဆိုင်ကယ် နှစ်စီးတို့ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ည ၉ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက် ဖဖ လမ်း ၁၁၁ x ၁၁၂ လမ်းထောင့်ရှိ အောင်ထွေး ငှားရမ်းထားသည့် နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၁၂၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ဒသမ ၁၄ သိန်း၊ ဘိန်းဖြူ ၄၀ ဒသမ ၇ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၂၈ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၂၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ဒသမ ၂၂ သိန်း၊ ဘိန်းဖြူ ၄၀ ဒသမ ၇ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး အလွတ်တန်းဖိတ်ခေါ် စက်ဘီးပြိုင်ပွဲတွင် အားကစားသမား ၆၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်



**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ အားကစားလလှုပ်ရှားမှုနှင့် ၂၀၂၄ ခုနှစ် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသား အမျိုးသမီး အလွတ်တန်းဖိတ်ခေါ် စက်ဘီးပြိုင်ပွဲကို ယမန်နေ့က ပြည်သူ့ရင်ပြင်၌ကျင်းပရာ စက်ဘီး အားကစားသမား ၆၀၀ ခန့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အမျိုးသားစက်ဘီးကို မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့လမ်းဆုံမှ တာလွတ်ကာ ပြည်လမ်းအတိုင်း ပြည်သူ့ရင်ပြင်သို့လည်းကောင်း၊ အမျိုးသမီးစက်ဘီးပြိုင်ပွဲတွင် မင်္ဂလာဒုံလေဆိပ်လမ်းဆုံမှ တာလွှတ်ကာ ပြည်လမ်းအတိုင်း ပြည်သူ့ရင်ပြင်သို့ လည်းကောင်း ပန်းဝင်ကြသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသား အမျိုးသမီး အလွတ်တန်းဖိတ်ခေါ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသော အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသမီးစတုတ္ထမှ ဒသမအထိရရှိကြသော အားကစားသမားများအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်ကလည်းကောင်း၊ အမျိုးသားစတုတ္ထမှ ဒသမအထိရရှိကြသော အားကစားသမားများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးဗိုလ်ဌေးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များက ပန်းဝင်ကြသောအားကစားသမားများအား ငွေသားဆုများချီးမြှင့်သည်။ ယင်းအလွတ်တန်းဖိတ်ခေါ်စက်ဘီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ် မှ စက်ဘီးဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

# ရွှေတောင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေး

**ရွှေတောင် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက နိုင်ငံ့တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ် ၂၁ ရက်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရွှေတောင်မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးသန့်မှ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ နိုင်ငံတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်လတိုင်း ၂၁ ရက်တွင် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၆၂ ဦးတို့အား ရောဂါရှာဖွေကုသပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နန်းမြအေးနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည့်ဆေးဝါးအထောက်အကူပြုပစ္စည်းများဝယ်ယူအသုံးပြုနိုင်ရေးအတွက် အလှူငွေကျပ် သုံးသိန်းကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



# ရတနာပုံတက္ကသိုလ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ အဆောင်-၃၁ ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါပြိုင်ပွဲတွင် ဘွဲ့ကြိုသင်တန်း၊ ဒီပလိုမာသင်တန်း၊ ဂုဏ်ထူးတန်းသင်တန်း၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာသင်တန်းများတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများသည် စာစီစာကုံးပြိုင်ပွဲတွင် "လွတ်လပ်ရေးနေ့မှသည် ငြိမ်းချမ်းသာယာသော ပြည်မြန်မာသို့" ခေါင်းစဉ်ဖြင့် ၂၈ ဦး၊ ကဗျာပြိုင်ပွဲတွင် "လွတ်လပ်ရေးနေ့ အတွေးများ" ခေါင်းစဉ်ဖြင့် ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်း**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Neta U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ The Golden Octopus Co., Ltd., မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Honda ENS1 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG4 (Mulan) အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် MG, ZS EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဆွေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၈၅ ကျပ် | ၂၂၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၄၅ ကျပ် | ၂၄၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၄၅ ကျပ် | ၂၅၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၇၀၀ | ၈ | ၆၉၇၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၁၂၄၃ | ၆၁၀၇၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၀၈ | ၁၇၈၂၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၉၅၀ | ၂၀၀၀ | ၃၁၀ | ၆၀၅၀၀၀ |
| AHPC | ၄၈၀၀ | ၄၈၀၀ | ၂၇ | ၁၂၇၂၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၃၆၃ | ၆၁၇၁၀၀ |

ညီညီ - စုစည်းသည်

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၄)၊ ဈေးအကွက်၊ ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ(၀ဒသမ၀၅၁)ကေရှိ ဒေါ်စိုးယုမွန်အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ငှက်ပျောတန်းလမ်း၊ အမှတ်(၂၄)နေ ဒေါ်တင်ကြည်(ခ)ဒေါ်လေးလေးခိုင်၊ ဒေါ်မြင့်မြင့်မော်တို့မှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 47W/93404, Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၁၄/ဟသတ(နိုင်)၂၂၁၆၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## စာပေမြင့်မှ လူမျိုးတင့်မည်

# တရားမဝင် သစ်မျိုးစုံ၊ ရေယာဉ်များ၊ ရေနံထွက်ပစ္စည်းများ၊ စက်သုံးဆီများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်တွင် တွံတေးမြို့နယ် တွံတေးတူးမြောင်းအတွင်း၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဟိန်းစိုး(၇) ရေယာဉ် တစ်စင်း၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၂၆၀၀၀၀)နှင့် ဟိန်းစိုး(၉) ရေယာဉ် တစ်စင်း၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၁၈၅၀၀၀၀)ကို ပြည်တွင်း ရေကြောင်းသွားရေယာဉ်ဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် မှော်ဘီမြို့နယ် လိပ်ပုတ်ကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၈၉၀၇ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၉၁၆၀၂၀)နှင့် ဓာတ်ဆီဂါလန် ၂၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၁၅၀၀၀) ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၁၁၄၁၀၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ တရားမဝင် အခြားသစ် ၀ ဒသမ ၅၇၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၃၈) နှင့် သရက်ခရိုင် မင်းတုန်းမြို့နယ်၌ အခြားသစ် ၁ ဒသမ ၀၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၂၆၂) တို့ကို သစ်တောဥပဒေအရလည်းကောင်း၊ ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ တရားမဝင် ရေနံစိမ်းဂါလန် ၂၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၀၀၀၀)၊ ဒီဇယ်ဂါလန် ၁၂၉၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၂၀၀၀၀) နှင့် အဆိုပါရေနံစိမ်းနှင့် ဒီဇယ်များ တင်ဆောင်လာသည့် Nissan Diesel ဆီဘောက်ဆာ ယာဉ်သုံးစီး၊ Nissan Diesel Truck နှစ်စီးနှင့် Surf မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၀၀၀၀၀၀) တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၃၉၁၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့ ကွန်ပျူတာတက္ကသိုလ်ရှေ့ စုပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီဓာတ်ဆီဂါလန် ၃၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခြောက်မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၂၉၃၂၀၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်၌ ကျေးလက်လမ်းများ အဆင့်မြှင့်တင်

**အထက်မင်းလှ ဒီဇင်ဘာ ၂၁**

မင်းလှမြို့နယ်အတွင်း၌ ကျေးရွာချင်းဆက်လမ်းများကို ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာနက မြေနီလမ်းနှင့် ကျောက်ချောလမ်း ခင်းခြင်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒီဇင်ဘာ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

လမ်းလုပ်ငန်းများအနက် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကဒေါင်းကျင်း-မကျီးကိုင်း- လက်ပံတံခါး ကျေးရွာချင်းဆက်လမ်း အရှည် နှစ်မိုင်၊ ကတဲ-ပုသိမ်-မုံရွာလမ်း အရှည် ၂ မိုင် ၂ ဖာလုံ၊ အိုင်းမကံ-လည်လျားရှည် လမ်းအရှည် နှစ်မိုင်တို့တွင် အကျယ် ၁၈ ပေ မြေနီလမ်းခင်းခြင်း၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပေတောကုန်း-စမ်း (ကံ)- လင်းကယ်- သရက်-မင်းလှ လမ်းအရှည် (၃/၁)မိုင်၊ ပရဆိုင်-ကောက်ကလိမ်-ပနီဆုံ လမ်းအရှည် လေးမိုင်တွင် အကျယ် ၁၈ ပေ မြေနီခင်းခြင်း၊ ဒေါင်းဘုတ်-သရက်-မင်းလှ လမ်းအရှည် (၀/၄)မိုင်တွင် အကျယ် ၁၆ ပေ ကျောက်ချောလမ်းခင်းခြင်းနှင့် ညှင်းသွန်း-ဘွဲ့- သရက်-မင်းလှလမ်းပေါ်၌ အကျယ်ပေ ၁၈၀ မြေထိန်းနံရံဆောင်ရွက်ခြင်း စသည့် လုပ်ငန်းခုနစ်ခုကို စုစုပေါင်းရန်ပုံငွေကျပ် ၆၁၈ ဒသမ ၄၀၉ သန်းဖြင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

## ပဲခူးမြို့၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့သစ်ရွေးချယ်ဖွဲ့စည်းရန် ကြေညာချက်

ပဲခူးမြို့၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကရွေးချယ်ရေး စည်းမျဉ်းအပိုဒ်(၂၈)အရ ဂေါပကအဖွဲ့သစ် ရွေးချယ်တာဝန်ပေးရန် လိုအပ်ပါသဖြင့် ဂေါပကအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

၁။ ဖြည့်စွက်ရွေးချယ်ရမည့်ဂေါပကအဖွဲ့ဝင်မှာ (၈)ဦးဖြစ်ပါသည်။

၂။ လျှောက်ထားသူသည် ရွှေမော်ဓောဂေါပကစည်းမျဉ်းအပိုဒ် (၁၅)တွင် ပြဋ္ဌာန်း ထားသော အရည်အချင်းနှင့်ညီညွတ်သူဖြစ်ရပါမည်။

၃။ လျှောက်လွှာကိုသတ်မှတ်ထားသောပုံစံဖြင့် ဂေါပကအဖွဲ့ ရွေးကောက်ပွဲကြီးကြပ် ရေးရုံး(ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး)တွင် ရယူ၍ လျှောက်ထားရပါမည်။

၄။ လျှောက်လွှာကိုရွေးကောက်ပွဲကြီးကြပ်ရေးရုံးတွင် ရုံးချိန်အတွင်း (၂၆-၁၂-၂၀၂၃ )ရက်မှ (၂၅-၁-၂၀၂၄)ရက်အတွင်း တင်သွင်းရပါမည်။

၅။ လျှောက်လွှာကို ပြန်လည်ရုပ်သိမ်းလိုပါက ရုပ်သိမ်းခွင့်ကို (၂-၂-၂၀၂၄)ရက်အထိ သာ ခွင့်ပြုပါမည်။

၆။ ရွေးချယ်ရမည့် ဂေါပကအဖွဲ့ဝင်ဦးရေထက် လျှောက်ထားသူ ဦးရေပိုမိုလာပါက ရွေးကောက်ပွဲကျင်းပမည်ဖြစ်ပါသည်။

**ရွေးကောက်ပွဲကျင်းပရေးအဖွဲ့**
**ရွှေမော်ဓောစေတီတော်မြတ်ကြီး၊**
**ပဲခူးမြို့**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ကြည်တည်၊ ဦးပိုင်အမှတ်(၂၂-ဆ)၊ ဧရိယာ (၀.၁၀၀) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

| | |
|---|---|
| (က) အရှေ့လားသော် | - ဘုရားလမ်း၊ |
| (ခ) အနောက်လားသော် | - ဦးပိုင် (၂၄-က) |
| (ဂ) တောင်လားသော် | - ဦးပိုင် (၂၃-ဇ + ၂၃-စ) |
| (ဃ) မြောက်လားသော် | - ဦးပိုင် (၂၂-စ) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးခင်မောင်စိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲ မပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင် ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၆)၊ ဦးပိုင်အမှတ်(၁၃၅)၊ မြေဧရိယာ(၁ဒသမ၁၇)ကေအနက်မှ ခွဲစိတ်၍ မြေအကျယ်အဝန်းအရှေ့(၈၀) ပေ၊ အနောက်(၈၀) ပေ၊ တောင်(၄၂)ပေ၊ မြောက်(၃၇)ပေရှိ မြေကွက်နှင့် မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်မိုးမိုးခိုင် ၇/ကတခ(နိုင်) ၀၀၆၇၇၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောစုလှိုင် ၁၂/ဗတထ(နိုင်) ၀၀၀၄၄၃မှ အပြီးအပိုင်ဝယ်ယူရန်(၄-၁၂-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ် ချုပ်ဆို၍ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်မည့်သူမရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ၁၄ရက်ထက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက အပြီးသတ်ငွေပေးချေခြင်း အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုမွန်(စဉ်-၁၇၃၂၂) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၉/စ)ဟော်ကုန်းရပ်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၅၆၅၀**

## အများသိစေရန်ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၈၄၂/ခ၊ မြေကွက်တည်နေရာအမှတ် ၈၄၂/ခ၊ (၂၀)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဦးတင်လှ)(စီအီး-၀၅၅၂၄၁)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်လှ(ဖခင်)နှင့် ဒေါ်တင်တင်ရီ(မိခင်)တို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၃၃၆၇/၂၀၂၁) (၂၈-၁၀-၂၀၂၁)ဖြင့် ရရှိသူ ဦးထွန်းထွန်းကျော် ၁၂/ဥကမ(နိုင်) ၁၇၅၅၈၁၊ ဒေါ်သူဇာလှ ၁၂/ ဥကတ(နိုင်) ၁၆၇၆၂၆၊ ဒေါ်ဝေမာလတ် ၁၂/ဥကတ(နိုင်) ၁၆၇၈၃၃၊ ဒေါ်ပြုံးမာလတ် ၁၂/ ဥကတ(နိုင်) ၁၆၇၆၁၄၊ ဦးဇေလတ် ၁၂/ဥကတ(နိုင်) ၁၆၇၆၁၁၊ ဒေါ်ခိုင်နှင်းဦး ၁၂/ဥကတ(နိုင်) ၂၀၃၃၁၅တို့မှ ပိုင်ဆိုင်စာချုပ်၊ ခြကိုက်စုတ်ပြဲ၊ ဂရန်၊ နိုင်၊ ကတ်များ၊ obj ၊ ဝန်ဆောင်ခတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူ ခွင့်ပြုပြီးဖြစ်၍ မူလဂရန် (၂၂-၁၁-၉၃)ရက်တွင် ထုတ်ပေးထားသည့် ဦးတင်လှ(စီအီး-၀၅၅၂၄၁) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်စာချုပ်အမှတ်(တဥ /၇/၁၂၃၈/၉၃) မူရင်းစာအုပ်အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သွေး သည် အသက်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအုပ်စု၊ ဝမ်မိုင်မူလတန်းကျောင်းအုပ် ဒေါ်မိုမိုဦးနှင့် ဒေါ်နန်းမိုမိုဦး ၁၃/မရန (နိုင်) ၀၂၅၄၅၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မော်တော်ယာဉ်အမှတ်(3R/9497) (YGN)Suzuki Ertiga (အဖြူရောင်)နှင့်ပတ်သက်၍ ဒေါ်သက်မြတ်နိုးခင်(၇/မလန (နိုင်)၁၂၁၀၄၂)အပါအဝင်အများသိစေရန်သတိပေးကြေညာခြင်း

၁။ အမှတ်( ၁၉/၂၀၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ရှိ ဒေါ်ရည်မွန်ဝင်း (၁၂/ဒဂမ(နိုင်)၀၁၁၇၁၄) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်-

၂။ အထက်ပါ မော်တော်ယာဉ်အမှတ် (3R/9497) (YGN) Suzuki Ertiga (အဖြူရောင်) အား ဝယ်ယူသွားသူ ဒေါ်သက်မြတ်နိုးခင် (၇/မလန(နိုင်)၁၂၁၀၄၂) သည် ဥပဒေနှင့် ငြိစွန်းသော အမှုအခင်းကိစ္စများအား သက်ဆိုင်ရာတွင် ဖြေရှင်းဆောင်ရွက်ရန်ရှိနေပါသဖြင့် အဆိုပါ မော်တော်ယာဉ်ကို တစ်ဆင့်လွှဲပြောင်း အရောင်းအဝယ်ပြုလုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် ပေါင်နှံလက်ခံခြင်း၊ လက်ဝယ်ထားရှိခြင်းများ လုံးဝ(လုံးဝ)မပြုလုပ်ကြပါရန် သတိပေးတားမြစ်လိုက်ပါသည်။

၃။ ယင်းမော်တော်ယာဉ်ကို တွေ့ရှိခဲ့ပါက သက်ဆိုင်ရာသို့ဖြစ်စေ၊ ကျွန်ုပ်ထံဖြစ်စေ၊ ဒေါ်ရည်မွန်ဝင်း ထံသို့ဖြစ်စေ ဆက်သွယ်အကြောင်းကြားပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်သဉ္ဇာဝင်း( LL.B, D.B.L, D. I. L)**
**တရားလွှတ်တော်ရှေ့နေ( စဉ် ၁၃၀၅၈/ ၂၇.၇.၂၀၁၇)**
**အမှတ် ၃၅၊ (တ) ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**Ph: 09 43023162**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့နယ်၊ တောင်ဖီလာရွာနေ (ဘ) ဦးလှရွှေ၏သမီး မခင်ဝေ ၆/မအရ(နိုင်)၀၇၄၈၆၂ ၏ မွေးသက္ကရာဇ်အမှန် မှာ ၃-၁၁-၁၉၇၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ထားဝယ်မြို့၊ ဝဲကျွန်းထိန်ဟောင်းရပ်၊ မန်းစက်တော်ဘုရားလမ်း၊ အမှတ် (၂၈/က)နေ ဦးစိုးကိုကို၏သား အထက (၇) ထားဝယ်၊ Grade-2 မှ မောင်ကောင်းကောင်းမြတ်အား မောင်ကောင်းမြတ်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းမြတ်ကျော်**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊ထုံးဘိုအုပ်စု၊ကုန်းဘောကျေးရွာ၊ ကွင်းအမှတ် (၆၈၁/ဃ)၊ ဦးပိုင် အမှတ် (N-53, N-4, N-6)အနက်မှ ခွဲစိတ်၍ မြေအကျယ်အဝန်း ပေ (၆၀x၄၀)ရှိ အကွက်အမှတ် (၁၀-A)ဟု အမည်တွင်သော မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်ဝင်းတင့် (၅/မရန(နိုင်)၀၄၀၄၂၇)ထံမှ ကျွန်မ ဒေါ်လှလှဝင်း (MYA-၁၃၄၂၃၈)က ၁၁-၈-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူခြံမြေလွှဲပြောင်းပေးခြင်းကတိစာချုပ် ချုပ်ဆို၍ လွှဲပြောင်းပေးပြီး၊ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကျွန်မ ဒေါ်လှလှဝင်းမှသာ ယနေ့တိုင် အကျိုးခံစားခွင့်၊ စီမံလွှဲပြောင်း ရောင်းချပိုင်ခွင့် စသည့်အခွင့်အရပ်များအား ရရှိထားပါကြောင်း ကျွန်မမှအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လှလှဝင်း**
**MYA-၁၃၄၂၃၈**
**အလုံမြို့၊ ဖုန်း-၀၉-၂၀၄၅၆၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ (၁၃)လမ်း၊ အမှတ် (၃၇၉)၊ ဒုတိယ ထပ် (၃-လွှာ)(ခေါင်းရင်းခန်း) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်အေး (၁၂/ဒပန(နိုင်)၀၀၄၁၅၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသွယ်မြင့်အောင် (၉/ပမန(နိုင်)၀၀၁၃၅၄) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက် (၁၀/၁၂)၊ ပထမထပ်၊ အခန်း (၁၀၄/H)၊**
**၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## မဂ်လာဒုံခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၆

| | | |
|---|---|---|
| ဦးလွင်ကိုကိုထက် | နှင့် | ဒေါ်သိန်းညွန့် |
| တရားလို | | တရားပြိုင် |

၅/၄/၁၀၉(က)၊ ဇီဇဝါလမ်း၊ ငါးလေးရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ် လိပ်စာမသိ) တရားပြိုင် ဒေါ်သိန်းညွန့် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလွင်ကိုကိုထက်က မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ရက် မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေရာတွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှု မဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးသိန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မဂ်လာဒုံခရိုင်တရားရုံး**

# ရွှေမိုးကောင်းကွန်ဒို

မှ

အထူးပရိုမိုးရှင်း

(25%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး

ရန်ကင်းမြို့နယ်၊ အောင်ဇေယျာလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ

ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန်

ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၉ - ၃၆၁၂၈၈၁၄၊ ၀၉ - ၂၅၄၀၃၄၈၇၁




## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့၊ ဆောင်ဖိုး(မ)ရွာနေ (ဘ)ခွန်ကျော်လှ၏သား ခွန်မောင်နိုင် (၁၃/ကတလ(နိုင်)၀၁၆၈၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-847449) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၆၅၀၄၈၅၄

## ပတ်စ်ပို့ပျောက်

ညောင်ရွှေမြို့၊ ငါးဖယ်ချောင်းအုပ်စု၊ လယ်သစ်မြောက်ရွာနေ (ဘ) ဦးအောင်စိုး၏သား မောင်ထွန်းလင်းစိုး (၁၃/ညရန(နိုင်)၁၆၂၆၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-175559)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၄၈၄၅၃၉၁

## ကန့်ကွက်နိုင်ပါကြောင်း

မိုးညှင်းမြို့၊ အရှေ့စုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁၁/မိုးဒါးစုရပ်၊ ဦးပိုင်အမှတ် (၂၁)၊ မြေကွက်အမှတ် (၉၉)၊ မြို့မြေ၊ မြေဧရိယာ (၀.၁၁၃)ဧကရှိမြေကွက်အားဒေါ်လန်းကို(ခ)ဒေါ်ခင်ထွေး (ဘ)ဦးလောဆန် ၁/မညန(နိုင်) ၀၇၃၃၂၉ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လန်းကို(ခ)ဒေါ်ခင်ထွေး
၁/မညန(နိုင်)၀၇၃၃၂၉

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

| ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|
| (က) အငယ်တန်းစာရေး (၁၈၀၀၀၀ - ၂၀၀၀- ၁၉၀၀၀၀) | (၁၂) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| ( ခ ) ယာဉ်မောင်း(၅) (၁၆၂၀၀၀ - ၂၀၀၀- ၁၇၂၀၀၀) | (၃) နေရာ | အခြေခံပညာမူလတန်း အောင်ရမည်။ယာဉ်မောင်း လိုင်စင်(ခ)သက်တမ်း (၂)နှစ်ရှိရမည်။ |
| ( ဂ ) ပုံနှိပ်ကျွမ်းကျင် - ၅ (စက်၊ စာအုပ်ချုပ်) (၁၆၂၀၀၀ - ၂၀၀၀- ၁၇၂၀၀၀) | (၃၇) နေရာ | အခြေခံပညာအလယ်တန်း အောင်ရမည်။ |
| (ဃ) အစောင့် (၁၄၄၀၀၀ - ၂၀၀၀- ၁၅၄၀၀၀) | (၄) နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ |
| ( င ) လုပ်သား (ပုံနှိပ်) (၁၄၄၀၀၀ - ၂၀၀၀- ၁၅၄၀၀၀) | (၂) နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
( ဂ ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၃၁ - ၁၂ - ၂၀၂၃)ရက်နေ့တွင် အသက် (၂၅) နှစ်ထက်မကြီးရ။ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃) နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိခံဝန်ချက် ရေးထိုးရမည်။
(င) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်း အမိန့်စာမှပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးအကျဉ်းနှင့် အောက်ပါအထောက်အထားများ ပူးတွဲလျက် **"ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်"**ဟု လိပ်စာတပ်၍ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲသို့လည်းကောင်း၊ အမှတ် (၄၈) လမ်း ၊ (၁၀၅) (၁၀၆)ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် ရပ်ကွက်ရှိ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံသို့လည်းကောင်း၊ ( ၂၀ - ၁ - ၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်-
(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊ ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်။
( ခ ) ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ/ ရာထူးများအလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)။
( ဂ ) ယာဉ်မောင်း(၅) ရာထူးအတွက် ယာဉ်မောင်းလိုင်စင်မိတ္တူ။ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ လိုင်စင်မူရင်းတင်ပြရန်)
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓါတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)။
( င ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းတို့မှ ပြစ်မှု မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
( စ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။(စာမေးပွဲလာရောက်ဖြေဆိုသည့်အခါ မူရင်းပြသရမည်။)
(ဆ) ပြင်ပမှ လျှောက်ထားသူများအတွက် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ။ (ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုသည့်အခါ မူရင်းပြသ နိုင်ရမည်။)
( ဇ ) (၁) လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ မူရင်း။
( ဈ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။
(ည) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။

၄။ လျှောက်လွှာပိတ်ရက် ( ၂၀ - ၁ - ၂၀၂၄ ) ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာ များနှင့်အချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၅။ အငယ်တန်းစာရေးရာထူးအတွက် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များပါဝင်သော အရည်အချင်းစစ်ရေးဖြေ စာမေးပွဲအား(၂)နာရီမေးခွန်းဖြင့် **(၂၆-၁-၂၀၂၄) ရက်နေ့ (နံနက် ၁၀:၃၀ နာရီ)**တွင် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှုနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ပါသည်။

၆။ ပုံနှိပ်ကျွမ်းကျင် - ၅ (စက်၊ စာအုပ်ချုပ်)၊ အစောင့်နှင့် လုပ်သား (ပုံနှိပ်) ရာထူးများအတွက် လူတွေ့စစ်ဆေးခြင်း၊ ယာဉ်မောင်း(၅) ရာထူးအတွက် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို ( ၈ - ၂ - ၂၀၂၄) ရက်နေ့ (နံနက် ၁၀:၃၀ နာရီ)၌ နေပြည်တော်ပုံနှိပ်စက်ရုံ၊ ဇေယျာသီရိမြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ( ၂၂ - ၁ - ၂၀၂၄) ရက်နေ့တွင် ရုံးအမှတ် (၇)၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌လည်းကောင်း၊ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၈။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည် ဖြစ်ပြီးအသေးစိတ်သိရှိလိုပါက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ တယ်လီဖုန်းအမှတ် - ၀၆၇ - ၄၁၂၂၀၃/ ၀၆၇ - ၄၁၂၂၀၅၊ ၀၁ - ၂၅၁၈၉၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

## အမည်မှန်

ဦးထန်ထွမ်မန်း(ခ)ဦးထန်ထွမ်မာန်း၏သား ကလေးမြို့၊ စမ်းမြို့ရပ်ကွက်၊ နယ်မြေ(၉) နေ ဦးဇအုပ်ထန်း၏ အမည်မှန်မှာ ဦးဝီလျံဇဟုမ်ထန်း ဖြစ်ပါကြောင်း။

**ဦးဝီလျံဇဟုမ်ထန်း**
**၄/ထတလ(နိုင်) ၀၂၁၀၂၈**

## ပတ်စ်ပို့ပျောက်

လဲချားမြို့နယ်၊ မြို့မအုပ်စု၊ နောင်ပန်ရွာနေ (ဘ)ဦးရီအောင်၏သမီး မဆူးနှင်းဆီအောင် (၁၃/လခန (နိုင်) ၀၄၆၀၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-911235)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၄၈၄၅၃၉၁

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အထက(နန်းမား) Grade-11(B)မှ မောင်မင်းဆက်ပိုင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက်ဦး ၁/မညန(နိုင်)၀၉၆၅၁၇ ဖြစ်ပါကြောင်း။

**ဦးသိန်းထိုက်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ(၂)ရပ်ကွက်တွင်နေထိုင်သော ကျွန်မ မဖူးပြည့်သော်၏ဖခင် ဦးညွန့်အောင် ၇/ပခန(နိုင်) ၂၁၅၈၃၈ နှင့် ဦးညွန့်မောင်သည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ် ဦး တည်းဖြစ် ပါကြောင်း။

**သစ်ပင်နည်းလာ တို့ကမ္ဘာ**
**လွှန်စွာပူအေး ဥတုဘေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၁၀၉/က၊ ၁၀၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၁၁၀၉/က)၊ သုဓမ္မာလမ်း၊ (၂)ရပ်ကွက်၊ ဦးကျော်သိန်း (AA-047204) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား မြေအမည်ပေါက် ဦးကျော်သိန်း(ဖခင်)သည် ၂၂-၁၂-၂၀၁၃ရက်တွင်လည်းကောင်း၊ ဒေါ်ခင်သန်း(မိခင်) သည် ၁၄-၄-၂၀၂၃ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ သဖြင့် ဦးအေးကို ၁၂/ဥကမ(နိုင်)၀၄၆၆၆၈၊ ဒေါ်မြင့်မြင့်ကြည် ၁၂/ဥကမ(နိုင်) ၀၉၇၄၈၈၊ ဦးလူမော်၊ ဦးအေးဟန် ၁၂/ဥကမ(နိုင်)၀၉၈၄၂၇၊ သားသမီး(၄)ဦး မွေးဖွားခဲ့ရာ ဦးလူမော်(သား) သည် ၁၅-၁-၂၀၁၇ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်သီသီနွယ် ၇/အတန(နိုင်)၀၆၄၇၆၀မှ ကျန်ပူးတွဲ လျှောက်ထားသူ ဦးအေးကို၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးအေးဟန်တို့နှင့်အတူ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား၊ သမီး၊ ချွေးမတော်စပ်ကြောင်း၊ မိမိတို့မှ လွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်သူတစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ အမှတ်-၁၂၉၅/၂၀၂၃/၂၆-၅-၂၀၂၃၊ ထောက်ခံ ကျမ်းကျိန်(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်၊ ဂရန်မူရင်းတို့ ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

